# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ်(၃၂၈)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် နေပြည်တော်ကောင်စီနယ်မြေ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၇

ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည့် လေဖိအားနည်းဆဲလ်၏အရှိန်ကြောင့် ဩဂုတ် ၂၆ ရက် ညပိုင်းနှင့် ယနေ့ မွန်းလွဲပိုင်းအထိ မိုးအဆက်မပြတ်ရွာသွန်းကာ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ နေရာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❈


**ယနေ့ ဖတ် စ ရာ**



### TNLA နဲ့ လက်အောက်ခံ PDF အကြမ်းဖက်သမားတွေ မြန်မာ့မြေပေါ်မှာ ဆက်လက်ရှိမနေသင့်တော့ပြီ ...


ဆောင်းပါး | စာ ၆


### ဗီယက်နမ်နိုင်ငံက ၂၀၄၅ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်းပညာရေးစနစ် ၂၀ ထဲ ပါဝင်နိုင်ရေး ရည်မှန်းလုပ်ဆောင်


နိုင်ငံတကာသတင်း | စာ ၁၄


## မုံရွာမြို့ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ မျက်စိဝေဒနာရှင် ၄၀၀၀ ကျော်အား အခမဲ့ကုသပေးမည်

မုံရွာ ဩဂုတ် ၂၇

သဲဖြူဆရာတော်ကြီး ဦးဆောင်မှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၂ ရက်အထိ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား အခမဲ့မျက်စိစမ်းသပ်ခြင်း၊ ခွဲစိတ်ကုသပေးခြင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မျက်စိဝေဒနာရှင် ၄၀၀၀ ကျော်အား သတ်မှတ်သည့်ရက်အလိုက် လာရောက်ပြသနိုင်ရေးနှင့် ပြသမည့်သူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက အသိပေးဆောင်ရွက်လျက်ရှိပြီး ဩဂုတ် ၂၉ ရက် ပထမနေ့တွင် မျက်စိဝေဒနာရှင် ၆၆၂ ဦးအား အခမဲ့မျက်စိစမ်းသပ်ခြင်း၊ ခွဲစိတ်ကုသပေးခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❖




# နိုင်ငံ့အနာဂတ်ကို ဖန်တီးကြမည့် စိတ်ကူးစိတ်သန်းအိပ်မက်များ

အစဉ်အလာဓလေ့ထုံးတမ်းများနှင့် မိမိဘာသာကြံဆထားသော ဆင်ခြင်တုံတရားတို့ကို အထပ်ထပ်ကာရံ၍ လူကြီးများက မေးစက်နေကြချိန်တွင် လူငယ်များက ကမ္ဘာကြီးကို ပြောင်းလဲလာခဲ့ကြသည်မှာ ခေတ်အဆက်ဆက်ကပင်ဖြစ်သည်။ လူတိုင်းလူငယ်ဘဝကို ဖြတ်သန်းပြီးမှ ကြီးပြင်းကြရခြင်းဖြစ်သော်လည်း အချို့က သာမန်၊ အချို့မှ သာမန်အထက်၊ အချို့သည်ကား ထူးခြားလှစွာ ဖြတ်သန်းခဲ့ကြခြင်းဖြစ်သည်။ သေချာသည့်အချက်မှာ လူငယ်တို့၏ ငယ်ဘဝအိပ်မက်များကို အကောင်အထည်ဖော်ခြင်းဖြင့် ကမ္ဘာကြီးတွင် မြင်ကွင်းအသစ်များ ထွက်ပေါ်လာရခြင်းပင်ဖြစ်သည်။

သောမတ်စ်အက်ဒီဆင် တီထွင်ခဲ့သော လျှပ်စစ်မီးလုံးကြောင့် ကမ္ဘာကြီး၏ အမှောင်ညများ ထွန်းလင်းတောက်ပခဲ့ရသည်။ အလက်ဇန်းဒါးဂရေဟမ်ဘဲလ်က တယ်လီဖုန်းကို တီထွင်နိုင်ခဲ့ခြင်းကြောင့် ရပ်ဝေးကလူအချင်းချင်း စကားပြောနိုင်ခဲ့ကြသည်။ ရိုက်ညီနောင်တို့၏ ကောင်းကင်ပေါ်တွင် ပျံသန်းလိုသော ငယ်ဘဝစိတ်ကူးအိပ်မက်များကို အစပြု၍ လေယာဉ်ပျံပေါ်လာသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကာလ ဘီစီ ၆ ရာစုက မင်းပျိုမင်းလွင်ဘဝတွင် ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ကာ သစ္စာတရားကို ရှာဖွေခဲ့သည့် သိဒ္ဓတ္ထဂေါတမ မင်းသား၊ လူငယ်ဘဝတစ်လျှောက်လုံး နိုင်ငံနှင့်လူမျိုး လွတ်လပ်ရေးအတွက် ရုန်းကန်လှုပ်ရှားခဲ့ပြီး အသက်စွန့်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း စသည်စသည်ဖြင့် ငယ်ရွယ်နုပျိုခြင်း၏ စွမ်းပကားတို့မှာ စာဖွဲ့၍ ကုန်နိုင်ဖွယ်ပင် မရှိလောက်အောင်ပင်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် လူဦးရေစုစုပေါင်း၏ သုံးပုံတစ်ပုံခန့်မှာ လူငယ်များဖြစ်ပြီး လူငယ်ထုအင်အားများခြင်းနှင့်အတူ လုပ်သားအင်အားများပြားသည့် အခြေအနေတစ်ရပ်ကို ပိုင်ဆိုင်ထားသည်။ ယနေ့လူငယ်များသည် အနာဂတ်နိုင်ငံတော်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ၏လူသားအရင်းအမြစ်များဖြစ်ပြီး နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်များလည်း ပါဝင်လျက်ရှိသည်။ သို့ဖြစ်ရာ လူငယ်များကို စနစ်တကျမှန်မှန်ကန်ကန် လေ့ကျင့်ပျိုးထောင်ပြီး အဖိုးတန်လူသားအရင်းအမြစ်များအဖြစ် မြှင့်တင်နိုင်မှသာ အနာဂတ်နိုင်ငံတော်ကိုလည်း ၎င်းတို့က မြင့်မြင့်မားမားတည်ဆောက်နိုင်ကြမည်ဖြစ်သည်။ လူငယ်အင်အားစုများအနက်မှ စိတ်ဓာတ်နှင့်အတွေးအခေါ်မြင့်မားသူ၊ မှန်ကန်သူများ၊ စွမ်းရည်ပြည့်စုံထက်မြက်သူများ၊ ရိုးသားဖြောင့်မတ်သူများဖြင့်သာ နိုင်ငံကို ကောင်းမွန်အောင် တည်ဆောက်သွားနိုင်မည်ဖြစ်ရာ လူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်ပြည့်စုံအောင် လေ့ကျင့်ပျိုးထောင်သွားကြရန်လိုသည်။

မျိုးဆက်သစ်မြန်မာလူငယ်များ နိုင်ငံတကာရေးရာ၊ ပထဝီနိုင်ငံရေးနှင့် အမျိုးသားမဟာဗျူဟာနှင့် ပတ်သက်သည့် အခြေခံဗဟုသုတများရရှိစေရန်၊ လူငယ်များအကြား ခေါင်းဆောင်မှု၊ စူးစမ်းစဉ်းစားနိုင်မှုနှင့် ဆက်သွယ်ရေးကျွမ်းကျင်မှု အရည်အချင်းများ မြှင့်တင်ရန်၊ အပြန်အလှန်ဆွေးနွေးပြောဆိုမှုများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးနှီးနှောမှုနှင့် ပြည်သူ့နီတိ ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ရန်၊ လူငယ်များ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်လမ်းကြောင်းများကို ရှုမြင်အဆိုပြုနိုင်စွမ်းမြှင့်တင်ရန်နှင့် အနာဂတ်တွင် အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့် လုပ်ငန်းအစီအစဉ်များအတွက် တက်ကြွသည့် ဖိုရမ်ဆင်းလူငယ်ကွန်ရက်ကို ဖန်တီးပေးရန်ဟူသော ရည်ရွယ်ချက်များဖြင့် "မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ (Future Front Myanmar: Youth Strategy Forum-2025)" ကို ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) တွင် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်သည်။

ပြည်ပ ပညာရှင်များပါ တက်ရောက်ဆွေးနွေးကြမည့် အဆိုပါဖိုရမ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူငယ်များလည်း တက်ရောက်ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး ဖိုရမ်နောက်ဆုံးရက်တွင် လူငယ်များ၏ ဆွေးနွေးပွဲရလဒ်များကို ကြေညာချက်စာတမ်းတစ်ရပ် ထုတ်ပြန်သွားမည်ဟု သိရသည်။ နိုင်ငံ့အနာဂတ်ကို တာဝန်ယူကြရမည့် ထူးချွန်ထက်မြက်သော လူငယ်များ၏ စိတ်ကူးစိတ်သန်းများ၊ အိပ်မက်များက အနာဂတ်မြန်မာနိုင်ငံတော်ကြီးကို တင့်တင့်တယ်တယ်၊ ခမ်းခမ်းနားနား တည်ဆောက်ဖန်တီးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။ ။




**၂၇ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈ - ၈ - ၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၁၅ | ၃၀၃၀ | ၂၉၈၅ | ၂၉၃၀ | ၃၀၃၅ | ၃၀၅၀ | ၃၀၇၀ | ၂၉၉၀ | ၄၅၀၅ | ၃၂၈၀ | ၃၀၀၅ | ၃၀၀၅ | ၃၀၇၅ | ၃၀၄၀ | ၃၀၆၅ | ၃၃၂၀ |
| 95 Ron | ၂၉၈၅ | ၃၁၀၅ | ၃၀၇၅ | ၃၀၀၀ | ၃၁၀၅ | ၃၁၃၀ | ၃၁၄၅ | ၃၀၆၅ | ၄၅၆၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၅ | ၃၁၅၅ | ၃၀၁၅ | ၃၁၄၀ | ၃၃၈၅ |
| HSD (500 ppm) | ၂၅၄၀ | ၂၆၅၀ | ၂၆၂၀ | ၂၅၅၅ | ၂၆၆၀ | ၂၆၇၅ | ၂၆၉၀ | ၂၆၁၀ | - | ၂၉၀၅ | ၂၆၂၅ | ၂၆၃၀ | ၂၇၀၀ | ၂၆၆၅ | ၂၆၀၅ | ၂၉၄၀ |
| HSD (50 ppm) | ၃၁၄၅ | ၃၂၅၅ | ၃၂၂၅ | ၃၁၆၀ | ၃၂၆၅ | ၃၂၈၀ | ၃၂၉၅ | ၃၂၁၅ | ၄၈၃၀ | ၃၅၁၀ | ၃၂၃၀ | ၃၂၃၅ | ၃၃၀၅ | ၃၂၇၀ | ၃၂၉၀ | ၃၅၄၅ |
| HSD (10 ppm) | ၃၁၄၅ | ၃၂၅၅ | ၃၂၂၅ | ၃၁၆၀ | ၃၂၆၅ | ၃၂၈၀ | ၃၂၉၅ | ၃၂၁၅ | - | ၃၅၁၀ | ၃၂၃၀ | ၃၂၃၅ | ၃၃၀၅ | ၃၂၇၀ | ၃၂၉၀ | ၃၅၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၉ |
| 95 Ron | ၂၈၂၄ | ၂၉၁၄ |
| HSD (500 ppm) | ၂၃၈၃ | ၂၄၆၀ |
| HSD (50 ppm) | ၂၉၇၀ | ၃၀၅၉ |
| HSD (10 ppm) | ၂၉၇၀ | ၃၀၅၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - ဟန်လင်းအောင် | | သတင်းထောက်မှူး - ခင်ရတနာ | |
| စာတည်းမှူး - မြင့်စိုး | | အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊ | |
| စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | | သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | | အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး | |
| သုတေသန - အိအိခင်နှင့် အဖွဲ့ | | သတင်းထောက်များ | |
| စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့ | | ဓာတ်ပုံသတင်းထောက် - တင်စိုး | |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့ | | အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့ | |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံ

**သဘာဝဘေးပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး**



**နေပြည်တော် ဩဂုတ် ၂၇**

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaud de Baecque အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများ ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ





**နေပြည်တော် ဩဂုတ် ၂၇**

ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၏ သား/သမီး၊ ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ အမြဲတမ်းအတွင်းဝန် ၊ တပ်ဖွဲ့/ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၊ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းတည်ဆောက်ရာ၌ အခြေခံအုတ်မြစ်ဖြစ်သည့် ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် မိမိနိုင်ငံ၏ အနာဂတ်အတွက် အရေးပါဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း၊ နိုင်ငံသားတိုင်း အမှားအမှန်၊ အကောင်းအဆိုး အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်ပညာ" ပြည့်စုံမှသာ နိုင်ငံ့အကျိုးသယ်ပိုးနိုင်မည့် "စစ်မှန်သည့် အင်အား" တစ်ရပ်ကို ထူထောင်နိုင်မည် ဖြစ်ပါကြောင်း၊ "ပညာမြင့်မှ လူမျိုးတင့်မည်" ဆိုသည့်ဆောင်ပုဒ်မှာ မည်သည့်ခေတ်ကာလတွင်မဆို အမြဲမှန်ကန်နေမည်ဖြစ်ကြောင်း၊ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဝိဇ္ဇာနှင့်သိပ္ပံနယ်ပယ်နှစ်ခုစလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်သဖြင့် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ် နှစ်ခုစလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလိုကြောင်း၊ ကျောင်းသားမိဘ ဝန်ထမ်းများအနေဖြင့် သားသမီးများကို ပညာအမွေ လက်ဆင့်ကမ်းကာ မိမိတို့ထက်သာလွန်သော နိုင်ငံ့သားကောင်းရတနာများဖြစ်စေရေး ဆုံးမသွန်သင်ပေးရန်နှင့် ကောင်းမွေပေးရန်လိုကြောင်း တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တပ်ဖွဲ့/ဦးစီးဌာနများရှိ ဝန်ထမ်းများ၏ သားသမီးများထဲမှ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသို့ တက်ရောက်နေကြသူများကိုယ်စား ကိုယ်စားလှယ် သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက ငါးဘာသာဂုဏ်ထူးရှင် ၁၁ ဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက လေးဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိများက လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာဂုဏ်ထူးရှင်များကို ပညာထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

**သီဆိုဖျော်ဖြေ**

ထို့နောက် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ယနေ့အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၏ သား/သမီး၊ ကျောင်းသား ကျောင်းသူများအနက် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များသို့ တက်ရောက်နေကြသူ ၅၃ ဦးနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၉၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၅၅ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၄၁၁ ဦး၊ ရိုးရိုးအောင်မြင်သူ ၈၈၀ ဦးတို့ကို ပညာရည်ချွန်ဆုများနှင့် ပညာသင်စရိတ်များ ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❈ *ရှေ့ဖုံးမှ*

ထိုသို့ဖြစ်ပေါ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဇေယျာသီရိမြို့နယ်၊ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း၊ ပင်လောင်းလမ်းဆုံအနီး ကားလမ်းမပေါ်နှင့် ပျဉ်းမနားမြို့နယ် ကြို့တန်းကျေးရွာ၊ အင်းသာကျေးရွာ၊ သာယာစုကျေးရွာတို့၌ ရေကြီးရေလျှံမှုများနှင့် ရေကျော်မှုများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များက ပြည်သူများ ဘေးအန္တရာယ်မရှိစေရန်၊ သွားလာမှုအခက်အခဲမရှိစေရန်နှင့် အဆင်ပြေချောမွေ့စေရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။

ထို့အပြင် ကျန်းမာရေးနှင့် ဆေးအကာအကွယ်ပေးရေးအဖွဲ့များ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များသည် လူနာတင်ယာဉ်များ၊ ဆေးဝါးပစ္စည်းများ၊ စက်လှေများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများဖြင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် အသင့်စုဖွဲ့ပြင်ဆင်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ဆက်လက်၍လည်း အမည်စာရင်းပေးသွင်းထားသော မျက်စိဝေဒနာရှင်များအားလုံးကို အခမဲ့စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း၊ ခွဲစိတ်ရန် လိုအပ်မည့် မျက်စိဝေဒနာရှင်များကို အခမဲ့ခွဲစိတ်ကုသပေးမည် ဖြစ်ကြောင်းနှင့် ခွဲစိတ်ရမည့် မျက်စိဝေဒနာရှင် လူနာနှင့်အတူ လူနာစောင့်တစ်ဦးတို့အား တည်းခိုနေထိုင်ရေး အဆင်ပြေအောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နေထိုင်စဉ် အချိန်ကာလတွင် အခမဲ့ ကျွေးမွေးဧည့်ခံပေးမည်ဖြစ်ကြောင်း မုံရွာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မကွေးမြို့၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**မကွေး ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့ အ.ထ.က(ခွဲ)ကန်သာကျောင်းတွင် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျောင်းဝင်း အတွင်း ကျင်းပသည်။



အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က အခမ္မခိုင်းစေခံနေရသည့် ကလေးများအကြောင်း၊ အသက်မပြည့်သေးသည့် ကလေးများအား သွေးဆောင်ဖြားယောင်းခိုင်းစေနေခြင်းအကြောင်း၊ ကလေးအလုပ်သမားဖြစ်ရခြင်းအကြောင်းရင်းများ၊ ဥပဒေပါ ကလေးအလုပ်သမားဆိုင်ရာ အသက်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ အခွင့်အလမ်းများဖန်တီးပေးခြင်း၊ နွမ်းပါးသည့် မိသားစုများအတွက် ပိုမိုကောင်းမွန်သည့် လူမှုစီးပွားဘဝရရှိစေရန် ဖန်တီးပေးခြင်းတို့ကို ဟောပြောပြီး ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးစာအုပ်၊ စာစောင်များအား ခင်းကျင်းပြသ ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာနယ်နိမိတ်အကြောင်း သိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၇**

မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်အကြောင်း သိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပလျက်ရှိသည်။

အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်သည် အချုပ်အခြာအာဏာကို ကိုယ်စားပြုကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုတို့အတွက် နယ်နိမိတ်ကို ကောင်းမွန်စွာနှင့် ထိရောက်စွာ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ အများပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် နယ်နိမိတ်ကို စနစ်တကျစီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံနယ်နိမိတ်နှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား အသိပညာဖလှယ်ရန်၊ ဌာနအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရန်၊ နယ်နိမိတ်ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ကောင်းမွန်သော နည်းလမ်းများနှင့် အကြံဉာဏ်များ ဖော်ထုတ်နိုင်ရန်နှင့် နယ်နိမိတ်ဆိုင်ရာ မူဝါဒများချမှတ်ရာတွင် တိကျမှန်ကန်ပြီး နိုင်ငံတော်အကျိုးစီးပွားကို အထောက်ပံ့ဖြစ်စေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်အကြောင်းသိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

ဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ နယ်နိမိတ်ရေးရာကိစ္စရပ်များအား တာဝန်ယူဆောင်ရွက်နေကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့အပါအဝင် အခြားဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များနှင့် အိမ်နီးချင်းနိုင်ငံများ၌ အခြေစိုက်သည့် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

ယနေ့ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ကုန်းပိုင်းနယ်နိမိတ်နှင့် ပတ်သက်၍ အဓိကဆွေးနွေးကြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၏ ရေတပ်ပင်မတိုင်းတာရေးတပ်၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မြေတိုင်းဦးစီးဌာနတို့မှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကာ မြန်မာသံရုံး၊ ကူဝိတ်မှ သံအမတ်ကြီးနှင့် သံမှူးကြီး၊ မြန်မာသံရုံး၊ ပရီတိုးရီးယားမှ သံအမတ်/သံရုံးယာယီတာဝန်ခံတို့က ဘာသာရပ်ကျွမ်းကျင်သူများအဖြစ် Onlineမှ ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲဒုတိယနေ့တွင် မြန်မာနိုင်ငံ၏ ပင်လယ်နယ်နိမိတ်နှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၏ ရေတပ်ပင်မတိုင်းတာရေးတပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးကြမည်ဖြစ်သည့်အပြင် မြန်မာသံရုံး၊ စင်ကာပူမှ သံအမတ်/သံရုံးယာယီတာဝန်ခံက ဘာသာရပ်ကျွမ်းကျင်သူအဖြစ် Online မှ ပါဝင်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် တိုင်းဒေသကြီးအဆင့် အောင်ချက်အကောင်းဆုံးရရှိသည့် မြို့နယ်များ၊ ကျောင်းများ ဂုဏ်ပြု

**မကွေး ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် တိုင်းဒေသကြီးအဆင့် အောင်ချက်အကောင်းဆုံး ရရှိသည့် မြို့နယ်များ၊ ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းသူလေးများက ပန်းကလေးများရဲ့ ဥယျာဉ်မှူး တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံး ညွှန်ကြားရေးမှူးက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တစ်ကိုယ်တော် တယောနှင့်အဖွဲ့လိုက် တယောတီးခတ်ခြင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



ထို့နောက် နိုင်ငံတော်အဆင့် သိပ္ပံဘာသာတွဲ ပထမ၊ မကွေးတိုင်းဒေသကြီးအဆင့် သိပ္ပံဘာသာတွဲ ပထမရရှိသူ မောင်ဂျူးသက်ကိုအား ဂုဏ်ပြုမှတ်တမ်းလွှာဆုတံဆိပ်၊ ဂုဏ်ပြုဆုချီးမြှင့်ငွေကျပ်သိန်း ၂၀၀ နှင့် အောင်ချက်အကောင်းဆုံးမြို့နယ် သုံးမြို့နယ်၊ အောင်ချက်အကောင်းဆုံးကျောင်း ခြောက်ကျောင်းနှင့် ဘာသာစုံဂုဏ်ထူးရကျောင်းမှ ကျောင်းအုပ်ကြီး ငါးဦးအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဂုဏ်ပြုမှတ်တမ်းလွှာဆုတံဆိပ်၊ ဂုဏ်ပြုဆုချီးမြှင့်ငွေများကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီးအဆင့်တွင် (သိပ္ပံတွဲ) အမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူ ကိုးဦးကို မကွေးတပ်နယ်မှူးကလည်းကောင်း၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီးအဆင့်တွင် (ဝိပ္ပံတွဲ) အမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ (ဝိဇ္ဇာတွဲ)အမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးကလည်းကောင်း၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူး ရရှိသူ ၃၄ ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၆၆ ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ၁၃၁ ဦးတို့ကို တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာဆုတံဆိပ်နှင့် ဂုဏ်ပြုဆုချီးမြှင့်ငွေများကို ပေးအပ်ကာ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာ ဆရာမ ၄၄ ဦးအား ဂုဏ်ပြုဆုငွေများကို မကွေးမြို့ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များက ချီးမြှင့်ပေးသည်။

ဆက်လက်၍ အထက(ခွဲ)ဆားစည့်ကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ဇာတိမာန် သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားတွင် ပါဝင်ခဲ့သည့် ဘင်ခရာ၊ ပန်းဖွားနှင့် ဖျော်ဖြေရေးအဖွဲ့များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

# ဒုတိယဝန်ကြီး ဦးရဲတင့် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဂျီတီစီပုံနှိပ်စက်ရုံ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဂျီတီစီပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ကုန်ကြမ်းများ သိုလှောင်ထားရှိမှု၊ ပုံနှိပ်စက်များ ကြံ့ခိုင်ရေးဆောင်ရွက်နေမှု၊ ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ထို့နောက် အင်းစိန်မြို့နယ်ရှိ ဂျီတီစီပုံနှိပ်စက်ရုံ၊ စာပေပုံနှိပ်စက်ရုံနှင့် အောင်ဆန်းပုံနှိပ်စက်ရုံတို့မှ စက်ရုံမှူးများနှင့် အရာထမ်းများအားတွေ့ဆုံ၍ ကုန်ကြမ်းပစ္စည်းများ စနစ်တကျထားသို၊ ထုတ်ယူအသုံးပြုရေး၊ ပုံနှိပ်ထုတ်လုပ်မှုလုပ်ငန်းများ အရည်အသွေး ကောင်းမွန်ရေးနှင့် အချိန်မီပြီးစီးရေး၊ စက်ပစ္စည်းများ ပျက်စီးမှုမရှိအောင် ထိန်းသိမ်းကိုင်တွယ် ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးနှင့် မဲပေးခွင့်ရှိသူ ဝန်ထမ်းနှင့်မိသားစုများ မဲပေးနိုင်ရေး၊ လုံခြုံရေးအလေးထားဆောင်ရွက်ရေးနှင့် ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းပီသစွာ ဝန်ထမ်းသစ္စာအဓိဋ္ဌာန် ၆ ချက်နှင့်အညီ ကြိုးစားနေထိုင်ပြီး ဝန်ထမ်းကောင်းများဖြစ်အောင် အသိပညာပေး လေ့ကျင့်ပေးကြရန် မှာကြားခဲ့သည်။ **သတင်းစဉ်**

## မိုးအသင့်အတင့် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဩဂုတ် ၂၇**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ကူမင်းမြို့၌ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်အခမ်းအနားသို့ တက်ရောက်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်

**နေပြည်တော် ဩဂုတ် ၂၇**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်ပြီး ဝန်ကြီးဌာနခြောက်ခုမှ ဝန်ထမ်းများ တက်ရောက်ကြမည်ဖြစ်ရာ အဆိုပါ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့ ယာယီခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရီးစဉ်တွင် လိုက်ပါမည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ပူပေါင်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုခရီးစဉ်သည် တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်ဖြစ်၍ အရေးကြီးပါကြောင်း၊ ယခင်ရှိပြီး တရုတ် - မြန်မာ ချစ်ကြည်ရေး၊ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ခရီးစဉ်တွင် လိုက်ပါကြမည့် ကိုယ်စားလှယ်များအနေဖြင့် တစ်ဦးချင်း၊ အဖွဲ့လိုက် ကျရာတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခုခရီးစဉ်တွင် ဝန်ကြီးဌာနခြောက်ခုမှ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိက ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ လိုက်ပါကြမည်ဖြစ်၍ မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုအပြင် မြန်မာနိုင်ငံ၏တောတောင်ရေမြေသဘာဝနှင့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ရိုးရာ အကအလှနှင့် ရုပ်သေးအက၊ မြန်မာ့လက်မှုပညာများကို မိတ်ဆက်ပြသသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့် အောင်မြင်သော ခရီးစဉ်တစ်ခု ဖြစ်စေရေးအတွက် အားလုံး ပူပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။





**ဝတ်စုံပြည့် သရုပ်ပြကပြ**

ယင်းနောက် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့် ဖိုရမ် ဖွင့်ပွဲအခမ်းအနား၊ တောင်ပိုင်းဒေသ ညချမ်းနှင့် ချည် Show ပိုးဖဲ အနီးအနားတဖွဲဖွဲ ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားတို့တွင် ဖျော်ဖြေမည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အကအဖွဲ့များက ဝတ်စုံပြည့် သရုပ်ပြကပြခြင်း၊ ရုပ်သေးအကများ ကပြခြင်း ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ခရီးစဉ်တွင် လိုက်ပါမည့်ကိုယ်စားလှယ်များက ဖိုရမ်တွင် ဆွေးနွေးပြောကြားမည့် အချက်များ၊ ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်များနှင့် ခင်းကျင်းပြသမည့် အခြေအနေတို့ကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တောင်ပိုင်းဒေသ ညချမ်းနှင့် ချည် Show ပိုးဖဲ အနီးအနားတဖွဲဖွဲ ဈေးရောင်းပွဲတော် အခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ခင်းကျင်းပြသမည့် မြန်မာ့ရိုးရာ လက်မှုအနုပညာပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ကူမင်းမြို့တွင် စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့် ဖိုရမ်သို့ ဝန်ကြီးဌာနများမှ ၃၆ ဦးနှင့် ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ ၁၇ ဦး စုစုပေါင်း ၅၃ ဦးတို့ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင်မြင်မှုရှိအောင် အမြဲတမ်းတီထွင် ကြံဆဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဖြင့် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်ပေးခဲ့သော လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ်(၁၆) ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းဖြင့် ကိုယ်ပိုင်လုပ်ငန်း ထူထောင်လျက်ရှိသော လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာရေးနှစ်အထိ သုံးနှစ်ရှိပြီဖြစ်ပါကြောင်း၊ စီမံကိန်းဆောင်ရွက်သည့် အခါတွင်လည်း လိုအပ်သည့် နည်းပညာပေးခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးခြင်းနှင့် တစ်ပိုင်တစ်နိုင် လုပ်ငန်းငယ်များ ထူထောင်နိုင်သည်အထိ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင်လည်း ကျေးရွာ ၁၉၆ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်၍ အသေးစားကုန်ထုတ်လုပ်ငန်းရှင် ၉၈၀ ပေါ်ထွက်လာမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အသေးစားကုန်ထုတ်လုပ်ငန်းရှင်များ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်မှလည်း အသေးစားလုပ်ငန်းများကို မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျေးရွာများမှ အသေးစားလုပ်ငန်းရှင်များ၏ အခက်အခဲများကို သိရှိမှသာ လုပ်ငန်းရှင်များ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင်မြင်မှုရှိအောင် အမြဲတမ်းတီထွင် ကြံဆဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။



ထို့နောက် ကိုယ်ပိုင်လုပ်ငန်းထူထောင် ဆောင်ရွက်လျက်ရှိသော အပ်ချုပ်ဆိုင်လုပ်ငန်းရှင်များချုပ်လုပ်ထားသော ဝတ်စုံများ၊ သံဂဟေဆက်လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ၊ လူသုံးကုန်ထုတ်လုပ်ခြင်းလုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ပြုလုပ်ရာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းရှင်များက ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လေပွေလှိုင်း အားလျော့သွားခဲ့

**နေပြည်တော် ဩဂုတ် ၂၇**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့ကို ဖြတ်ကျော်ခဲ့သော လေပွေလှိုင်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး အားလျော့သွားခဲ့သည်။ လေပွေလှိုင်း၏ အကြွင်းအကျန်တိမ်တိုက်များသည် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မုတ်သုံလေဖိအားနည်းမြောင်းတန်းအဖြစ် သွယ်တန်းလျက်ရှိသည်။

ယခုသတင်းသည် တိုင်ဖွန်းမုန်တိုင်း “ကဂျိကိ” (KAJIKI)အတွက် ထုတ်ပြန်ပေးသည့် နောက်ဆုံးသတင်းဖြစ်သည်။

**မိုး/ဇလ**

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၂၇** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်)တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

**မိုး/ဇလ**

# TNLA နဲ့ လက်အောက်ခံ PDF အကြမ်းဖက်သမားတွေ မြန်မာ့မြေပေါ်မှာ ဆက်လက် ရှိမနေသင့်တော့ပြီ ...

စွမ်းပြည့်

- **တပ်မတော်နဲ့ အကြမ်းဖက်သောင်းကျန်းသူ ဘာကွာလဲဆိုတာ ဥပမာတစ်ခုနဲ့ ပြောပြပါမယ်။ ၁၀၂၇ MNDAA၊ TNLA၊ AA တို့ စစ်ရေးအရ ကျူးကျော်တိုက်ခိုက်တဲ့အချိန် အခြေအနေအရ တပ်မတော်က ဆုတ်ခွာရစဉ်မှာတောင် ရန်သူထိုးစစ်ကို ဟန့်တားတဲ့အနေနဲ့ ဘယ်တံတား၊ ဘယ်လမ်း၊ ဘယ်အဆောက်အအုံကိုမှ ဖျက်ဆီးခဲ့ခြင်း မရှိဘူး။ ပြည်သူအတွက် အခြေခံအဆောက်အအုံတွေ ဖြစ်လို့ပဲ။ ဒါပေမယ့် TNLA အပါအဝင် အကြမ်းဖက်အုပ်စုအများစုကတော့ တပ်မတော်လုပ်ရပ်နဲ့ ဆန့်ကျင်ဘက် ဆောင်ရွက်တတ်တဲ့ အစဉ်အလာ အမြဲရှိခဲ့တယ်**
- **မြို့ရွာအဆောက်အအုံတွေ၊ ဘုရား၊ စေတီပုထိုးတွေ၊ လမ်းတွေ၊ တံတားတွေ ပျက်စီးတယ်ဆိုတာ တပ်မတော်အစိုးရ၊ အရပ်သားအစိုးရ တည်ငြိမ်ခဲ့တဲ့ ဆယ်စုနှစ်ချီ ကာလတစ်လျှောက် ဘယ်တုန်းကမှ အခုလို ပျက်စီးခဲ့ဖူးခြင်းမရှိပါဘူး။ မှတ်မှတ်ရရ PDF တွေပေါ်လာပြီး ၂၀၂၃ ရှမ်းမြောက် နဲ့ နိုင်ငံအနောက်ပိုင်းမှာ အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ တိုက်ပွဲတွေ ဖော်ဆောင်လာခဲ့တော့မှသာ အဖြစ်ဆိုးတွေကြုံတွေ့ရတာ ဖြစ်ပါတယ်။ ဒီလို အကြောင်းအချက်တွေကြောင့် ဂုတ်ထိပ်တံတားကြီး ပျက်စီးရခြင်း အကြောင်းရင်းတရားခံက TNLA နဲ့ လက်အောက်ခံအပေါင်းပါ PDF တွေကြောင့်ပဲဆိုတာ ရှင်းလင်းသွားလောက်ပြီလို့ ယူဆပါတယ်**

ဝမ်းနည်းစိတ်မကောင်းစရာ ကောင်းတာတစ်ခုက တချို့မှာ ဘယ်လိုမှ ပြုပြင်လို့ မရနိုင်တော့တဲ့ အနေအထားတွေကို နေ့စဉ်မြင်တွေ့၊ ကြားသိနေရတယ်။ အထူးသဖြင့် မစဉ်းစားတတ်၊ ဆင်ခြင်တုံတရားနည်းသူတွေရဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်အပိုင်းကို ဆိုချင်တာပါ။

နိုင်ငံရဲ့ သမိုင်းအမွေအနှစ်တစ်ခုကို ဘယ်လိုစိတ်ဓာတ်တွေနဲ့များ ဖျက်ဆီးရက်သလဲ။ လူ့အဖွဲ့အစည်းရဲ့အကျိုးစီးပွားပျက်စီးရာ၊ ပျက်စီးကြောင်းကိုမှ ကြံဖန်ဖျက်ဆီးတတ်တဲ့ ပညာမဲ့စိတ်ဓာတ်တွေကို ဘယ်လိုမွေးယူခဲ့ကြသလဲ။ တော်လှန်ရေးအကြောင်းပြ လုပ်ချင်ရာလုပ်နေတဲ့ ဒီလိုအကြမ်းဖက်နဲ့ ဒီလိုအဖွဲ့အစည်းတွေ နိုင်ငံမှာရှိနေတာကိုက အလွန်ကို ဝမ်းနည်းစရာကောင်းလှပါတယ်။

ဒီလိုအကြမ်းဖက်တွေက မြန်မာနိုင်ငံမှာ ဆက်လက်ရှိနေဖို့ သင့်ပါဦးမလား။ ယဉ်ကျေးတဲ့ လူ့အသိုင်းအဝိုင်းမှာ ဒီလိုလူမျိုး၊ ဒီလိုအဖွဲ့တွေ ရှိသင့်ပါသလား။ လူမှန်နေရာမှာ နေရာပေးဖို့သင့်ပါမလား။ ယုံယုံကြည်ကြည်နဲ့ လက်တွဲဖို့ ထိုက်ပါ့မလား။ လက်ရှိ အဖျက်သမားတွေအပေါ်ထားတဲ့ လူကြီးလူကောင်းဆန်တဲ့ တာဝန်ရှိသူတွေရဲ့ အပြုသဘော နှလုံးရည်နဲ့က ဒီလိုလူမျိုးတွေနဲ့ရော ထိုက်တန်မှုရှိရဲ့လား၊ တန်ရဲ့လား။ ဒီလောက်ပျက်စီးနေတဲ့ အဖျက်စိတ်ဓာတ်တွေနဲ့ လက်ရှိခံယူထားတဲ့ ကိုယ့်တိုင်းရင်းသားအချင်းချင်း၊ ကိုယ့်နိုင်ငံသားအချင်းချင်းဆိုတဲ့ စိတ်ဓာတ်နဲ့ သွားနေတဲ့ အမျိုးသားရေးနဲ့ အမျိုးသားအကျိုးစီးပွားလမ်းကြောင်းများနဲ့ရော အံဝင်ခွင်ကျ ညီညွတ်မျှတမှု ဖြစ်ပါရဲ့လား။

## သမိုင်းဝင်အမွေအနှစ်တစ်ခုဆိုတာ သိရဲ့လား

နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိတဲ့ ကမ္ဘာကျော် ဂုတ်ထိပ်တံတားဆိုတာ ကိုလိုနီခေတ်ကမ္ဘာ့အံ့ဖွယ်စာရင်းဝင်တစ်ခုပါ။ မြန်မာနိုင်ငံမှာ အမြင့်ဆုံး၊ ကမ္ဘာမှာ ခဲရာခဲဆစ် တည်ဆောက်ခဲ့ရတဲ့ ဒုတိယအမြင့်ဆုံး၊ အကြီးဆုံး မီးရထားသံလမ်းတံတားကြီးအဖြစ် မှတ်ကျောက်တင်ခံရတဲ့ မြန်မာတို့ရဲ့ ဂုဏ်ယူဖွယ် ရှေးဟောင်းအမွေအနှစ်တစ်ခုလည်း ဖြစ်ပါတယ်။

အထူးသဖြင့် မြန်မာတို့ရဲ့ အထင်ကရ အမှတ်အသား၊ ရှမ်းပြည်နယ်နဲ့ ရှမ်းလူမျိုးတို့ရဲ့ ယဉ်ကျေးမှုအလှတရားတစ်ခုလည်းဖြစ်တယ်။ ဒီတံတားကြီးကို ဖျက်ဆီးလိုက်တဲ့ TNLA နဲ့ လက်အောက်ခံ PDF အကြမ်းဖက်တွေအနေနဲ့ ဂုတ်ထိပ်တံတားအကြောင်းနဲ့ တံတားကြီးရဲ့တန်ဖိုးကို သိဟန်မတူဘူး။ မြန်မာနိုင်ငံမှာ သမိုင်းမရှိတဲ့သူနဲ့ သမိုင်းမသိသူ၊ တန်ဖိုးမသိသူနဲ့ တန်ဖိုးနားမလည်သူ၊ ဖျက်ဆီးသူနဲ့ လိုက်ဖာပေးသူ လူတန်းစားနှစ်ရပ်ရှိကြတာ အထူးအဆန်းမဟုတ်တော့သလိုပါပဲ။ ဒါကြောင့်လည်း အဖျက်သမားဆိုတဲ့ ဝေါဟာရက အလကားဖြစ်လာတာ မဟုတ်ဘူး။

ဒီအတွက် အခုလို စစ်ရေးပစ်မှတ်မဟုတ်တဲ့ အဖျက်လုပ်ရပ်မျိုး ပြည်သူက လက်သင့်ခံဖို့ သင့်ပါ့မလား၊ လုံးဝလက်မခံနိုင်ပါ။ ကန့်ကွက်ရှုတ်ချရမှာပါ။ ဒါကြောင့်လည်း ဘာသာရေးအဖွဲ့အစည်းတွေ၊ အသင်းတော်တွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ ချစ်ကြည်ရေး၊ စီးပွားရေးအသင်းအဖွဲ့တွေ စသည်ဖြင့် အဖွဲ့အားလုံးနီးပါး ကန့်ကွက်ရှုတ်ချနေကြတာကို တွေ့မြင်နေရတာပဲ ဖြစ်ပါတယ်။

## Drop ဗုံးလား TNT လား

မြန်မာပြည်က အကြမ်းဖက်တွေက သူတို့ အဖျက်လုပ်ရပ်တစ်ခုခုကြောင့် ပြည်သူရဲ့ ဝေဖန်သံတွေ များပြားလာတဲ့အခါ သွေးရူးသွေးတန်းနဲ့ မျက်စိမှိတ်ငြင်းခုံတတ်တာ ပုံမှန်ဖြစ်နေပြီ။ သူတို့လုပ်တာမဟုတ်ကြောင်း ဖြောင်ငြင်းပြီး အရှက်မရှိ အောက်လုံးတွေနဲ့ တပ်မတော်ကို တစ်ဖက်သတ်စွပ်စွဲတဲ့အကျင့်ကလည်း ရိုးနေပါပြီ။ ငြင်းရင်လည်း ပညာမပါ၊ တစ်ဖက်ပိတ် ငြင်းတော့တာ။ ယခုလည်း ကြည့်။ တပ်မတော်ရဲ့ Drop ဗုံးချတိုက်ခိုက်မှုကြောင့် တံတားပျက်စီးရတာပါတဲ့။ ဖျက်ဆီးခံရတဲ့ တံတားဟာ သံမဏိပေါင်နဲ့ ခိုင်ခိုင်ခံ့ခံ့ရှိတဲ့ တံတားအမျိုးအစားပါ။

ပေ ၆၀ ခန့်အရှည်ရှိ သံမဏိတံတားကြီး ပြတ်ထွက်သွားအောင် ခွဲတဲ့ ဗုံးအမျိုးအစားဟာ Drop ဗုံးကချနိုင်တဲ့ ဗုံးပမာဏထက်တော့ များရမှာ သေချာတယ်။ Drop ဗုံးကြောင့် ဆိုရင်လည်း အဲဒီလောက်အထိ ပျက်စီးမှုပမာဏရှိအောင် ဒရုန်းများစွာနဲ့ ဗုံးအရေအတွက် အများကြီးချမှရလိမ့်မယ်။ ပျက်စီးတဲ့ တံတားအစိတ်အပိုင်း ကြည့်ပြန်ရင်လည်း ကျောက်မဲဘက်၊ တံတားနဲ့ မြေပြင်အဆက်အစပ် ကမ်းကပ်ခုံအပိုင်းမှာ တိတိကျကျ ထိထားတာဖြစ်တယ်။ ဒရုန်းနဲ့ချရင် ပျက်စီးမှုအတိုင်းအတာက အခုလို တိကျမှုမျိုးမရှိနိုင်ဘဲ နေရာအနှံ့အပြားမှာ ကျရောက်ပေါက်ကွဲနိုင်တဲ့ အနေအထားမျိုး ဖြစ်မယ်။ အခုပျက်စီးတဲ့နေရာအပိုင်းက ဗုံးကို တိတိကျကျ နေရာချထားပြီးမှ ဖောက်ခွဲခဲ့တဲ့ပုံစံ ဖြစ်နေတာတွေ့ရတယ်။ ဒီအချက်ကနည်းပညာရှုထောင့်ကနေ စာရေးသူသိသလောက် ဆွေးနွေးကြည့်တာ ဖြစ်ပါတယ်။

နောက်တစ်ချက်က TNLA က သူတို့ လက်ချက်မဟုတ်ကြောင်း၊ တပ်မတော်က လုပ်တာဖြစ်ကြောင်း ထပြောတဲ့အချိန်ဟာ တံတားကြီး ဗုံးခွဲခံရအပြီး TNLA လက်ချက်ဖြစ်ကြောင်း ဆိုရှယ်မီဒီယာတွေမှာ သောသောညံအောင် စွပ်စွဲပြစ်တင် ဝေဖန်ရှုတ်ချမှုတွေ တက်လာခါမှ ကမန်းကတန်းနဲ့ ကြောက်အားလန့်အား ရှင်းလင်းချက်ကို ထထုတ်ရသလိုဖြစ်နေတယ်။ ဒီအချက်တွေက Critical thinking နဲ့ ဆက်စပ်စဉ်းစားထားချက်တွေနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်။ တကယ်တမ်းစဉ်းစားရင်လည်း အမြဲတမ်း ပြည်သူကို အလုပ်အကျွေးပြုတဲ့ နိုင်ငံရဲ့ တပ်မတော်တစ်ရပ်က ဒီလို အဖျက်လုပ်ရပ်မျိုးကို သမိုင်းအစဉ်အဆက် ဘယ်တော့မှမလုပ်ဘူး၊ ဘယ်တုန်းကမှလည်း အစဉ်အလာမရှိခဲ့ဘူးဆိုတာ ထမင်းစားသူတိုင်းသိတယ်။ လမ်းဖောက်၊ တံတားဆောက်၊ ကျောင်းဆောက်၊ ဘုရားတည် အမြဲတမ်းဆောင်ရွက်ပေးနေတဲ့ တပ်မတော်၊ ပြည်သူဒုက္ခရောက်တိုင်း ပြည်သူဘက်က အမြဲရပ်တည်တဲ့ တပ်မတော်၊ သူတို့တံတား၊ သူတို့ကာကွယ်ပေးနေတဲ့ တံတား သူတို့ပြန်ဖျက်ဆီးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

ကိုလိုနီခေတ်က အင်္ဂလိပ်တွေ၊ အမေရိကန်ပညာရှင်တွေ တည်ဆောက်ပေးခဲ့တဲ့ တံတား၊ ဒုတိယကမ္ဘာစစ်မှာ စစ်ကြောင့် ပျက်စီးခဲ့ဖူးတဲ့ တံတား၊ နောက်ပိုင်း ပြန်လည်ပြင်ဆင်မှုတွေမှာ မြန်မာမီးရထားအင်ဂျင်နီယာတွေနဲ့ပဲ နိုင်ငံတော်ဘတ်ဂျက်နဲ့ ပြန်လည်တည်ဆောက်ခဲ့ရတဲ့ ဂုတ်ထိပ်တံတားကြီး။ ဒီလိုနိုင်ငံပိုင်တံတားကြီးကို တပ်မတော်က ဖျက်ဆီးတယ်ဆိုတာလည်း ဖြစ်နိုင်ပါ့မလား၊ သမိုင်းမှာ နိုင်ငံနဲ့ပြည်သူအတွက် ဘယ်လမ်း၊ ဘယ်တံတားမှ မဆောက်ပေးခဲ့ဖူးတဲ့ သူပုန်အဖွဲ့တွေ၊ နိုင်ငံပိုင်ပစ္စည်းမှန်သမျှ သမိုင်းနဲ့ချီ ဖျက်ဆီးတဲ့ အစဉ်အလာရှိခဲ့တဲ့ သူပုန်အဖွဲ့နဲ့ တပ်မတော်အကြား အဖျက်နဲ့အပြု ဘယ်လိုမှ မနှိုင်းယှဉ်ကောင်းပါဘူး။ ဆင်ခြင်တုံတရားအပြည့်နဲ့ စဉ်းစားရင် သတိပြုမိမှာပါ။

ဒါကြောင့် အင်မတန်ရှင်းနေပါတယ်။ နောက်ပြီး အခုလက်ရှိတပ်မတော်ရဲ့ လုံခြုံရေး ဆောင်ရွက်ချက်တွေက နယ်မြေစိုးမိုးမှုပြန်လည်ရရှိအောင် တိုးချဲ့ရှင်းလင်းနေတဲ့ အချိန်ပါ။ တပ်မတော်ရဲ့ တန်ပြန်စစ်ရေး ဆောင်ရွက်ချက်တွေအောက်မှာ ဖရိုဖရဲ ဆုတ်ခွာနေရတဲ့ ရန်သူဟာ တပ်မတော်ချီတက်ရှင်းလင်းရာ လမ်းကြောင်းတစ်လျှောက် တပ်မတော်ကို ဟန့်တားတဲ့အနေနဲ့ စစ်ရေးအရအချက်အချာကျတဲ့လမ်း၊ တံတားတွေကို မိုင်းထောင်ဖောက်ခွဲ၊ ချိုးဖျက်ဆီးတဲ့ အစဉ်အလာများစွာ ကြုံခဲ့ဖူးပြီးဖြစ်ပါတယ်။

တပ်မတော်နဲ့ အကြမ်းဖက်သောင်းကျန်းသူ ဘာကွာလဲဆိုတာ ဥပမာတစ်ခုနဲ့ ပြောပြပါမယ်။ ၁၀၂၇ MNDAA၊ TNLA၊ AA တို့ စစ်ရေးအရ ကျူးကျော်တိုက်ခိုက်တဲ့အချိန် အခြေအနေအရ တပ်မတော်က ဆုတ်ခွာရစဉ်မှာတောင် ရန်သူထိုးစစ်ကို ဟန့်တားတဲ့အနေနဲ့ ဘယ်တံတား၊ ဘယ်လမ်း၊ ဘယ်အဆောက်အအုံကိုမှ ဖျက်ဆီးခဲ့ခြင်း မရှိဘူး။ ပြည်သူအတွက် အခြေခံအဆောက်အအုံတွေဖြစ်လို့ပဲ။ ဒါပေမယ့် TNLA အပါအဝင် အကြမ်းဖက်အုပ်စုအများစုကတော့ တပ်မတော်လုပ်ရပ်နဲ့ ဆန့်ကျင်ဘက် ဆောင်ရွက်တတ်တဲ့ အစဉ်အလာ အမြဲရှိခဲ့တယ်။

ဒီအပြင်မှာ ဒီတံတားကြီးကို ဖျက်ဆီးရခြင်းဟာ မှန်ကန်တဲ့အကြောင်း၊ TNLA နဲ့ PDF တွေအတွက် အသုံးမဝင်ဘဲ တပ်မတော်အတွက်သာ စစ်ရေးအရ အကျိုးရှိစေတဲ့ တံတားဖြစ်တဲ့အတွက် အခုလို ဖျက်ဆီးရခြင်းဟာ မှန်ကန်တဲ့အကြောင်း၊ TNLA ကို ထောက်ခံတဲ့ လူမှုကွန်ရက်စာမျက်နှာတွေမှာ ရေးသားချက်တွေအရလည်း သူတို့လုပ်ရပ်ဖြစ်ကြောင်း ဘူးပေါ်သလို *စာမျက်နှာ ၇ သို့*

> **“အထူးသဖြင့် မြန်မာတို့ရဲ့ အထင်ကရ အမှတ်အသား၊ ရှမ်းပြည်နယ်နဲ့ ရှမ်းလူမျိုးတို့ရဲ့ ယဉ်ကျေးမှုအလှတရားတစ်ခုလည်း ဖြစ်တယ်။ ဒီတံတားကြီးကို ဖျက်ဆီးလိုက်တဲ့ TNLA နဲ့ လက်အောက်ခံ PDF အကြမ်းဖက်များအနေနဲ့ ဂုတ်ထိပ်တံတားအကြောင်းနဲ့ တံတားကြီးရဲ့တန်ဖိုးကို သိဟန်မတူဘူး။ မြန်မာနိုင်ငံမှာ သမိုင်းမရှိတဲ့သူနဲ့ သမိုင်းမသိသူ၊ တန်ဖိုးမသိသူနဲ့ တန်ဖိုးနားမလည်သူ၊ ဖျက်ဆီးသူနဲ့ လိုက်ဖာပေးသူ လူတန်းစားနှစ်ရပ်ရှိကြတာ အထူးအဆန်းမဟုတ်တော့သလိုပါပဲ။ ဒါကြောင့်လည်း အဖျက်သမားဆိုတဲ့ ဝေါဟာရက အလကားဖြစ်လာတာမဟုတ်ဘူး”**

# ဆည်တမံများ၏ ကြံ့ခိုင်မှုနှင့် ဆက်စပ်ရေအားအဆောက်အအုံများစစ်ဆေး တမံများ၏ ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ဖွယ်မရှိ



နေပြည်တော် ဩဂုတ် ၂၇

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူထိန်းသိမ်းလျက်ရှိသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆည်တမံများ၏ကြံ့ခိုင်မှုနှင့် ဆက်စပ်ရေအား အဆောက်အအုံများအား စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးခြင်းကို အရေးပေါ်အခြေအနေကြိုတင်စီမံခန့်ခွဲမှုစီမံချက် (Emergenacy Preparedness Plan –EPP) ပါ လုပ်ငန်းစဉ်များအတိုင်း စနစ်တကျဆောင်ရွက်လျက်ရှိပြီး ဆည်တမံဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ၏ စစ်ဆေးအတည်ပြုချက်များအရ တမံများ၏ ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။**

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိ မြို့နယ် ရေဆင်းကျေးရွာအနီးရှိ ရေဆင်းရေလှောင်တမံသို့သွားရောက်၍ ဝင်ရေသိုလှောင်ထားရှိမှုနှင့် တမံထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)** ရေဆင်းရေလှောင်တမံအနေဖြင့် လက်ရှိအချိန်တွင် ကန်ရေပြည့်နီးပါး သိုလှောင်ထားရှိပြီး ရေဝေရေလဲဧရိယာအတွင်း အဆက်မပြတ် မိုးရွာသွန်းနေသဖြင့် ပုံမှန်ထိန်းသိမ်းမှုအဖြစ် ရေထိန်းမျှော်စင်မှ ရေဆင်းမြောင်းအတွင်းသို့ ရေထုတ်လွှတ်လျှော့ချခြင်းသာရှိပြီး ရေပိုလွှဲမှ ရေကျော်ကျခြင်း မရှိသေးကြောင်း သိရသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပေါင်းလောင်းရေလှောင်တမံသို့ရောက်ရှိ စစ်ဆေးကြရာ တာဝန်ရှိသူများက အထက်ပေါင်းလောင်းတမံရေပိုလွှဲမှ ရေထုတ်လွှတ်နေမှု၊ ရေဝေရေလဲဒေသအတွင်း မိုးရွာသွန်းမှုနှင့် စီးဝင်ရေပမာဏ၊ နောက်မိုးဆက်လက်ရွာသွန်းနိုင်မှုနှင့် ရေပိုလွှဲမှ စီးထွက်သည့်ရေပမာဏတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လက်ရှိ ရေသိုလှောင်ထားရှိမှုပမာဏအရ တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုကို စိုးရိမ်ဖွယ်မရှိသော်လည်း သတ်မှတ်ထားသည့် စောင့်ကြည့်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရန်နှင့် (EPP)ပါ လုပ်ငန်းစဉ်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ယနေ့နံနက်ပိုင်း တိုင်းထွာချက်များအရ ပေါင်းလောင်းရေလှောင်တမံတွင် မိုးရေချိန် ၃ ဒသမ ၅ လက်မခန့် ရွာသွန်းခဲ့ပြီး အထက်ပေါင်းလောင်းတမံနှင့် ရေဝေရေလဲဒေသများမှ စီးဝင်ရေများကြောင့် ပေါင်းလောင်းရေလှောင်တမံ၏ ရေပိုလွှဲမှ ငါးပေခွဲခန့် ရေကျော်ကျလျက်ရှိကာ အဆိုပါစီးဆင်းရေများသည် ပေါင်းလောင်းမြစ်နှင့် တစ်ဆက်တည်းဖြစ်သော စစ်တောင်းမြစ်အတွင်း စီးဆင်းလျက်ရှိခြင်းကြောင့် ဒေသအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်ရန် မရှိကြောင်းနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း လက်ရှိဖြစ်ပေါ်နေသော ရေကြီးရေလျှံမှုများသည် မိုးအဆက်မပြတ် ရွာသွန်းနေခြင်းကြောင့် ဒေသအတွင်းရှိ လျှိုမြောင်းများမှ စီးဆင်းလာခြင်းဖြစ်ပြီး ယာယီရေကြီးရေလျှံမှုမျှသာဖြစ်သည်။

ထို့နောက်တစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် ကျွဲရှင်းရွာအနီးရှိ ငလိုက်ရေလှောင်တမံသို့ရောက်ရှိပြီး ယခုနှစ်မိုးရာသီတွင် ဆည်တမံများ ရေပြည့်သိုလှောင်နိုင်မှုအရ လာမည့်ဆောင်းသီးနှံနှင့် နွေသီးနှံများစိုက်ပျိုးခြင်းအတွက် ဧရိယာအလိုက် စိုက်ပျိုးမည့်သီးနှံ၊ ရေလိုအပ်ချက်စသည့် ရေပေးဝေမှုလုပ်ငန်းများ စနစ်တကျစီမံနိုင်ရေးကို သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့အတူ နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာရေထိန်းတမံသို့သွားရောက်၍ ရေဆင်းဧရိယာအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် တမံအတွင်းသို့ စီးဝင်ရေများပြားစွာဝင်ရောက်ခဲ့မှု၊ တမံဘေးကင်းလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဆင်သေရေလွှဲဆည်သို့ သွားရောက်ပြီး ယာယီရေတားတမံ မကျိုးပေါက်စေရေး၊ သဲထုတ်ရေတံခါးများမှ ရေထုတ်လွှတ်မှု၊ ရေသောက်စနစ်အတွင်းရှိ ရေပေးမြောင်းနှင့် ရေပေးအဆောက်အအုံများ ရေကြီးရေလျှံမှုကြောင့် ထိခိုက်မှုလျော့ပါးသက်သာစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး



**တောင်ကြီး ဩဂုတ် ၂၇**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်း ၉ နာရီခွဲတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ သာသနာ့ဗိမာန်၌ ကျင်းပရာ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မင်းဝင်းနှင့် အဖွဲ့ဝင် ဦးလင်းလင်း၊ တောင်ကြီးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခွန်မြတ်ဆန်းထွန်း၊ မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးသာယာမြို့ အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာရပ်ကွက်များမှ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး/ဆယ်အိမ်မှူးများ၊ နိုင်ငံရေးပါတီများ၊ မဲဆန္ဒရှင်ပြည်သူများ ၁၂၅၀ တက်ရောက်သည်။

ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မင်းဝင်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးခွန်မြတ်ဆန်းထွန်းက အသုံးပြုနည်းနှင့် ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီးနောက် တက်ရောက်လာသူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။ **(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

ပေါ်စေတာတွေ့ရပါတယ်။ သူတို့ပြောတဲ့အတိုင်းဆိုတပ်မတော်အတွက် အကျိုးရှိတဲ့ တံတားဆိုတပ်မတော်က ဖျက်ဆီးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ရထားပဲသွားလို့ရတဲ့ တံတားကို ရထားပိုင်တဲ့အဖွဲ့နဲ့ မပိုင်တဲ့အဖွဲ့၊ ဘယ်အဖွဲ့က ဖျက်ဆီးတာဖြစ်နိုင်မလဲ စဉ်းစားစေချင်တယ်။ ဖြစ်စဉ်ဖြစ်ရပ်တိုင်းမှာ အတိတ်၊ ပစ္စုပ္ပန်ချိန်ထိုးပြီး အမြဲစဉ်းစားတတ်ပါစေလို့လည်း အကြံပြုချင်တယ်။

ဒီကနေ့ မြို့ရွာအဆောက်အအုံတွေ၊ ဘုရား၊ စေတီပုထိုးတွေ၊ လမ်းတွေ၊ တံတားတွေ ပျက်စီးတယ်ဆိုတာ တပ်မတော်အစိုးရ၊ အရပ်သားအစိုးရ တည်ငြိမ်ခဲ့တဲ့ ဆယ်စုနှစ်ချီ ကာလတစ်လျှောက် ဘယ်တုန်းကမှ အခုလို ပျက်စီးခဲ့ဖူးခြင်းမရှိပါဘူး။ မှတ်မှတ်ရရ PDF တွေပေါ်လာပြီး ၂၀၂၃ ရှမ်းမြောက်နဲ့ နိုင်ငံအနောက်ပိုင်းမှာ အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ တိုက်ပွဲတွေ ဖော်ဆောင်လာခဲ့တော့မှသာ အဖြစ်ဆိုးတွေကြုံတွေ့ရတာ ဖြစ်ပါတယ်။ ဒီလိုအကြောင်းအချက်တွေကြောင့် ဂုတ်ထိပ်တံတားကြီး ပျက်စီးရခြင်းအကြောင်းရင်းတရားခံက TNLA နဲ့ လက်အောက်ခံအပေါင်းပါ PDF တွေကြောင့်ပဲဆိုတာ ရှင်းလင်းသွားလောက်ပြီလို့ ယူဆပါတယ်။



TNLA အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဂုတ်ထိပ်တံတား ထိခိုက်ပျက်စီးမှုအား တွေ့ရစဉ်။

အခုလို သမိုင်းဝင်အမွေအနှစ်တစ်ခုကို မဆင်မခြင်လုပ်လိုက်တဲ့ အဖျက်လုပ်ရပ်ကြောင့် ပညာမဲ့ TNLA နဲ့ ဓားပြသာသာ အပေါင်းပါတွေဟာ မြန်မာပြည်သူလူထုကြီးရဲ့ အမုန်းတရားကို ခံယူရတော့မှာ ဖြစ်ပါတယ်။ ဘာကြောင့်ပါလဲ။ ပြည်သူတွေရဲ့ အခြေခံအကျိုးစီးပွားကို ဖျက်ဆီးလိုက်ကြပြီး နောင်မျိုးဆက် သားတွေ၊ သမီးတွေအတွက် ဘယ်တော့မှ မစဉ်းစားတဲ့ လူ့ဗာလတွေဖြစ်ကြလို့ပဲ။ မြန်မာပြည်သူရဲ့အမုန်းကို ခံယူရသူတို့ရဲ့ ဇာတ်သိမ်းဟာလည်း ဘယ်တော့မှမကောင်းပါဘူး။ အမြန်ဆုံးကျဆုံးပြီး မြန်မာ့မြေပေါ်ကနေ အပြီးပျောက်ကွယ်သွားစေချင်တဲ့ ပြည်သူတွေ များသထက်များလာနေတာလည်း တွေ့နေရတယ်။

အသိဉာဏ်မဲ့တဲ့ အဖျက်သမားမှန်သမျှ ဘယ်လိုနည်းနဲ့မှ ခွင့်မလွှတ်ထိုက်ပါဘူး၊ အလျင်အမြန် ကျဆုံးပါစေလို့ပဲ ဆန္ဒပြုကြရတော့မယ်။ တကယ်တော့ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးစကားနဲ့ မထိုက်တန်တဲ့ သူပုန်အကြမ်းဖက်တွေ ထင်ထင်ရှားရှား တွေ့လာနေရပြီဖြစ်တဲ့အတွက် ပြင်းပြင်းထန်ထန် ပြတ်ပြတ်သားသား လက်တုံ့ပြန်ဖို့ကလွဲပြီး အခြားမရှိပါပြီ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တပ်ကုန်းမြို့အတွင်းရှိ ရေကြီးရေလျှံဖြစ်ပွားသောနေရာများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော်  ဩဂုတ် ၂၇**

မိုးရွာသွန်းမှုများပြား၍ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ မကျည်းပင်ကျေးရွာ၌ ရေကြီးရေလျှံဖြစ်ပွားမှုအခြေအနေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးဇေယျာလင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

ထိုသို့ကြည့်ရှုစဉ် ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေနှင့် သောက်သုံးရေသန့်၊ ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်ပြီး တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် မကျည်းပင်ကျေးရွာ အနော်ရထာရပ်ကွက် နဝင်းချောင်းတံတားနှင့် ကင်းသာတံတား ရေစီးဆင်းမှုအခြေအနေကို ကြည့်ရှုသည်။

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးအစီအမံများကို ပိုမိုဂရုပြုထည့်သွင်းဆောင်ရွက်ရန် ကမ္ဘာ့နိုင်ငံအားလုံးက အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေကြသည်ဖြစ်ရာ မိမိတို့နိုင်ငံတွင် အလားတူလိုက်ပါ ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ရန်ရှိသည်များကို ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်အုပ်စု ကြို့တန်း၊ အင်းသာ ကျေးရွာ၊ သာယာစုကျေးရွာတို့တွင် ပေါင်းလောင်းမြစ်ရေမြင့်တက်လာမှုကြောင့် ရွှေတောင်တန်းတောရ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းသို့ ပြည်သူများ ရွှေ့ပြောင်းနေထိုင်ရန်ပြင်ဆင်နေမှု၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်နေမှုတို့ကိုကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တတိယအကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာထူးချွန်ဆုများ (3rd ASEAN Outstanding Social Welfare and Development Award–AOSWADA) ပေးအပ်ပွဲသို့ တက်ရောက်သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် (၁၂)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံနိုင်ငံများနှင့် Video Conference စနစ်ဖြင့် ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အထိ နေပြည်တော် M–Gallery Hotel ၌ ကျင်းပလျက်ရှိပြီး ယနေ့တွင် တတိယအကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆုများ (3rd ASEAN Outstanding Social Welfare and Development Award–AOSWADA) ကို ပေးအပ်ခြင်းဖြစ်သည်။

အဆိုပါဆုသည် အာဆီယံနိုင်ငံများရှိ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအရေးဆောင်ရွက်နေသော အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍရှိ အဖွဲ့အစည်းများကို ပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများမှ Online ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမှအဖွဲ့အစည်းများက လူကိုယ်တိုင်ဖြင့်လည်းကောင်း တက်ရောက်ကြသည်။

ဆုပေးပွဲတွင် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေး အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမှ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့် (၃)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆုများကို အာဆီယံနိုင်ငံ ရှစ်နိုင်ငံမှ အဖွဲ့အစည်း ၁၆ ခုအား ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံမှ AGE Myanmar နှင့် Myanmar Creative University – Myanmar Creative International College (MCU–MCI) တို့က ရရှိကြကြောင်း သိရသည်။ **သတင်းစဉ်**



## မွန်ပြည်နယ်ဝန်ကြီးချုပ် မြန်မာ့အနာဂတ်မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ် - ၂၀၂၅ ဆွေးနွေးပွဲသို့ တက်ရောက်မည့် မွန်ပြည်နယ်လူငယ်ဖိုရမ် ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ

**မော်လမြိုင်  ဩဂုတ် ၂၇**

မွန်ပြည်နယ် ဝန်ကြီးချုပ်သည် မြန်မာ့အနာဂတ်မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ် – ၂၀၂၅ ဆွေးနွေးပွဲသို့တက်ရောက်မည့် မွန်ပြည်နယ်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်းက လူငယ်ဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်ကြမည့် ကိုယ်စားလှယ်အဖွဲ့များ ရွေးချယ်စေလွှတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မြန်မာ့အနာဂတ်မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ် – ၂၀၂၅ ဆွေးနွေးပွဲသို့ တက်ရောက်မည့် မွန်ပြည်နယ်လူငယ်ဖိုရမ်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ရရှိလာမည့် အတွေ့အကြုံနှင့်ဗဟုသုတများကို အခြေခံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စုစည်းညီညွတ်မှုစွမ်းအားဖြင့် ဘက်ပေါင်းစုံမှ ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါလူငယ်မဟာဗျူဟာသို့ နိုင်ငံတကာမှ ပညာရှင်များ တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည့်အတွက် သေချာလေ့လာမှတ်သားပြီး မိမိနိုင်ငံ၊ မိမိပြည်နယ် တိုးတက်ဖွံ့ဖြိုးရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ် လူငယ်ဖိုရမ်ကိုယ်စားလှယ်အဖွဲ့ကို ချီးမြှင့်ငွေများပေးအပ်ပြီး မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် – ၂၀၂၅ဆွေးနွေးပွဲသို့ တက်ရောက်မည့် လူငယ်ကိုယ်စားလှယ်အဖွဲ့အား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)  စည်သူ(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် သဗန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံနှင့် သဗန်းဆိပ်ရေလှောင်တမံ ရေဝင်ရောက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

**မုံရွာ ဩဂုတ် ၂၇**

ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်ရှိ တစ်ရက်လျှင်လျှပ်စစ်ဓာတ်အား ၃၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် သဗန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် စက်ရုံတာဝန်ခံက သဗန်းဆိပ်ဆည်ရေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး စက်ရုံဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် သဗန်းဆိပ်ရေလှောင်တမံရှင်းလင်းဆောင်၌ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက သဗန်းဆိပ်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် စိုက်ပျိုးရေပေးဝေနေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားပြီး သဗန်းဆိပ်ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေလှောင်တမံကြံ့ခိုင်မှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျွန်းလှမြို့ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ကန့်ဘလူမြို့ အမှတ်(၅)ရပ်ကွက်ရှိ တောင်သူဦးခင် စိုက်ပျိုးထားရှိသည့် ပဲစင်းငုံ ဧက ၁ ဒသမ ၅၀ စိုက်ခင်းအတွင်း ပိုက်ဆံလျှော်မျိုးစေ့ သီးထပ်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ တက်ရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကန့်ဘလူမြို့ရှိ ဖိုးချောကြီး ကျွဲ/နွား မွေးမြူရေးခြံ၌ ခြံလှောင်စနစ်ဖြင့် ကျွဲ/နွားများ မွေးမြူထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှု၊ ခြံပိုင်ရှင်ဦးနေမျိုးသူ အသားစားကြက်(CP)ကောင်ရေ ၂၀၀၀ မွေးမြူထားမှုနှင့် တစ်ရက်လျှင် စပါးတန် ၃၀ ကြိတ်ခွဲနေသည့် ခန့်ညားရတနာ ဆန်စက်တို့ကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သာယာဝတီခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**သာယာဝတီ ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက သာယာဝတီခရိုင်အတွင်း စားရေရိက္ခာဖူလုံစေရေး ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ သာယာဝတီမြို့နယ် ဆရာစံမြို့သစ် အလယ်ကုန်းရပ်ကွက်ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးချိုတေး၏ နို့စားနွားကောင်ရေ ၅၀ အောင်မြင်စွာ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး ခြံလှောင်မွေးမြူမှုစနစ်မှရရှိလာသည့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို သဘာဝမြေဩဇာထုတ်လုပ်ရန်၊ ထွက်ရှိလာသည့် နွားနို့များကို ကုန်ကြမ်းအဆင့်အဖြစ် မရောင်းချပဲ တန်ဖိုးမြှင့်နို့ထွက်ကုန်ချောပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေးနှင့် နေဗီယာမြက်တိုးချဲ့စိုက်ရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စုရှိ ပေါ်ဆန်း(ရေဆင်း-၁)၊ ရွှေဘိုပေါ်ဆန်း၊ ပုသိမ်ပေါ်ဆန်းနှင့် ပေါ်ဆန်းရင်မျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၀၁)ရှိ တစ်ကွင်းတစ်ဆက်တည်း မိုးစပါးစိုက်ဧက ၄၀၀ နှင့် မင်းလှမြို့နယ် ဝက်လှကြီးကျေးရွာအုပ်စုရှိ တစ်ကွင်းတစ်ဆက်တည်း မိုးစပါးစိုက်ဧက ၂၅၀ စုပေါင်းသမန်းနှီး၊ ပေါင်းလိုက်၊ သွင်းအားစုကြဲပက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ဒေသခံများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် မင်းလှမြို့နယ် သစ်တူးအိုင်ကျေးရွာ၌ ဦးသက်လွင်၏ ကြံမြှုပ်ချေးနှင့် ထရင်ကိုဒါးမားရောစပ်၍ ထန်းညီနောင် အမှတ်တံဆိပ်ဖြင့် ဩဂဲနစ်မြေဩဇာထုတ်လုပ်ဖြန့်ဖြူးရေးအလုပ်ရုံနှင့် မင်းလှမိုးညို ကားလမ်းတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လမ်းပိုင်းအလိုက် ပြင်ဆင်ဆောက်ရွက်ရမည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မိုးညိုမြို့နယ် ညောင်ဝိုင်းကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နေသော ဦးဇော်ဝင်း၏ ဥစားကြက်ကောင်ရေ ၁၀၀၀ မွေးမြူထားရှိမှု၊ မိုးညိုမြို့ မြို့ပတ်လမ်း မြို့မရပ်ကွက်ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးသန်းထိုက်၏ ဘယ်လ်ဂျီယံနိုင်ငံမှ လန်းဒရေ့မျိုးအသားတိုးဝက် ၄၃ ကောင် မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။(ဝဲပုံ)

**တိုင်းဒေသကြီး**

**(မြန်/ဆက်)**

# ချင်းပြည်နယ် ဟားခါး၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းပြင်ပ ပညာရေးနှင့်ပတ်သက်သည့်ရှင်းလင်းပွဲ ကျင်းပ

**ဟားခါး ဩဂုတ် ၂၇**

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ကျောင်းပြင်ပ ပညာရေးနှင့်ပတ်သက်သည့် ရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းပြင်ပ ပညာရေးတွင် တာဝန်ထမ်းဆောင်မည့် ကျောင်းဆရာ ဆရာမများ တက်ရောက်ကြသည်။(ယာပုံ)

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ယခုဖွင့်လှစ်သည့် ကျောင်းပြင်ပ ပညာရေး နေ့သင်တန်းသို့ တက်ရောက် ပညာသင်ယူမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရမည်ဖြစ်ပြီး ပညာကိုတန်ဖိုးထားကာ ကြိုးစားသင်ယူကြစေလိုကြောင်း၊ ချင်းပြည်နယ်အတွင်းရှိ အခြားသင့်တော်သည့်နေရာများတွင်လည်း ထပ်မံဖွင့်လှစ်နိုင်ရေး ဆက်လက်ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။



ယင်းနောက် ခေတ္တလူမှုရေးရာဝန်ကြီး ဦးစိန်ထွန်းလှနှင့် ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးကောလ်လျန်ထန်းတို့က အမှာစကားပြောကြားကြပြီး ချင်းပြည်နယ်ပညာရေးမှူး ဦးဘီကူးဒူက ကျောင်းပြင်ပ ပညာရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းပြင်ပ ပညာရေးနှင့်ပတ်သက်၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုဂ္ဂိုလ်များကို ချီးမြှင့်ငွေပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးကလက်ခံရယူပြီး အခမ်းအနားတက်ရောက်လာကြသူများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင် (မြန်/ဆက်)**

❑ ***ကျောဖုံးမှ***

မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအားကစားသမားများသည် လက်ရှိတွင် ယင်းပြိုင်ပွဲ၌ ဆုတံဆိပ်များဆွတ်ခူးရရှိနိုင်ရေး စခန်းသွင်းလေ့ကျင့်လျက်ရှိကြသည်။

"ထိုင်းနိုင်ငံမှာကျင်းပမယ့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ Event ကိုးမျိုး ကျင်းပမှာဖြစ်ပြီးတော့ ကျွန်တော်တို့ ခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နေပြည်တော်မှာပဲ စခန်းသွင်းလေ့ကျင့်ပြီး ငလျင်ဘေးအန္တရာယ်ဖြစ်လာတဲ့အချိန်မှာ နေပြည်တော်ကနေ ရန်ကုန်ကိုပြောင်းပြီး လေ့ကျင့်နေပါတယ်။ နေပြည်တော်ကစားကွင်းတွေ ပြုပြင်ပြီးတာနဲ့ နေပြည်တော်မှာ ဆက်လေ့ကျင့်သွားမှာပါ"ဟု မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးထွန်းနိုင်ဝင်းက ပြောသည်။

အဆိုပါ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား (ဆီးဂိမ်း)ပြိုင်ပွဲ၏ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အင်အားကြီး ထိုင်းအသင်းသည် ယခုနှစ်တွင် အိမ်ရှင်အသင်းဖြစ်၍ မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့အနေဖြင့် အိမ်ရှင်ထိုင်းအသင်းနှင့် အဓိကထားယှဉ်ပြိုင်၍ ဆုတံဆိပ်များ လုရမည်ဖြစ်သည်။ မြန်မာအသင်းသည် Event နှစ်မျိုး၊ သုံးမျိုးကို ရွေးမှန်းထားပြီး ကျန် Event များကို ဆုတံဆိပ်မလွတ်စေရန် ရည်မှန်းပြင်ဆင်ထားကြောင်းလည်း သိရသည်။

မြန်မာပိုက်ကျော်ခြင်းအားကစားသမားများသည် တစ်ပတ်လျှင် ငါးရက် လေ့ကျင့်လျက်ရှိပြီး ယင်းရက်များတွင် နံနက်ပိုင်း ၈ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ ညနေပိုင်း ၃ နာရီခွဲမှ ၆ နာရီခွဲအထိ တစ်ကြိမ်လေ့ကျင့်လျက်ရှိကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြီးစီးခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား(ဆီးဂိမ်း)ပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းလက်ရွေးစင်အားကစားအဖွဲ့သည် နိုင်ငံအတွက် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်များ ဆွတ်ခူးရယူပေးနိုင်ခဲ့ကြောင်းလည်း သိရသည်။ **အာကာစိုး**



# ပျော်ဘွယ်မြို့နယ်၌ KG ကျောင်းသား ကျောင်းသူများအား အာဟာရပြည့်အစားအစာများ ကျွေးမွေး

**ပျော်ဘွယ် ဩဂုတ် ၂၇**

ပျော်ဘွယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ပူးပေါင်း၍ အသက်ငါးနှစ်မှ ခုနစ်နှစ်ကြားရှိ KG ကျောင်းသား ကျောင်းသူများအား အာဟာရဖွံ့ဖြိုးစေရန် အာဟာရပြည့်အစားအစာများ ကျွေးမွေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၆ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

အာဟာရပြည့်အစားအစာများ ကျွေးမွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလွဲလွဲအောင်နှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား အစာမစားမီ စနစ်တကျလက်ဆေးနည်းများ၊ အစာစားပြီးပါက စနစ်တကျသွားတိုက်နည်းများကို သင်ကြားပေးကြသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအစီအစဉ်အရ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက်ငါးနှစ်နှင့် ခုနစ်နှစ်ကြားရှိ ကျောင်းသား ကျောင်း သူ ၄၀၀၈ ဦးအား အာဟာရပြည့်အစားအစာများ ကျွေးမွေးခြင်းတို့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**

✻ ***ကျောဖုံးမှ***

ဘုန်းမောက်အသင်းအတွက် သွင်းဂိုးများကို ဖေဘီယိုကာဗဲလ်ဟိုနှင့် သီယာဂိုတို့က ပွဲကစားချိန် ၃၄ မိနစ် နှင့် ၆၅ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။ ပွဲကစားချိန်ပြည့်ခါနီးတွင် ဘုန်းမောက်အသင်းမှ အရာဂျို နှစ်ဝါတစ်နီဖြင့် အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။

ဘုန်းမောက်အသင်းသည် ပြိုင်ဘက်ဘရန့်ဖို့ဒ်အသင်းထက် ဘောလုံးပိုင်ဆိုင်မှုပိုင်း၊ ဂိုးပေါက်ကန်သွင်းခြိမ်းခြောက်မှုပိုင်းတို့တွင် အသာစီးရယူနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်းမရှိသည့်အတွက် ရှုံးပွဲကြုံတွေ့ကာ နောက်တစ်ဆင့်တက်လှမ်းခွင့်လွဲချော်ခဲ့သည်။

အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ ဒုတိယအဆင့်မှ အခြားအသင်းကြီးပွဲစဉ်ရလဒ်များတွင် ဆောက်သမ်တန်က နော့ဝှစ်ချ်ကို သုံးဂိုး-ဂိုးမရှိ၊ ဝုဖ်က ဝက်စ်ဟမ်းကို သုံးဂိုး-နှစ်ဂိုး၊ ဘာန်စလေက ရိုသာဟမ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဟက်ဒါဖီးလ်က ဆန်းဒါးလန်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် ခြောက်ဂိုး-ငါးဂိုး၊ ဘာန်လေက ဒါဘီကို နှစ်ဂိုး-တစ်ဂိုးဖြင့် အသီးသီးနိုင်ပွဲကိုယ်စီ ရရှိခဲ့ကြသည်။

**အောင်ဇော်**

❖ ***ကျောဖုံးမှ***

ကိုင်တွယ်နေပြီး ပဏာမကစားသမား ၃၀ ဝန်းကျင်ဖြင့် လေ့ကျင့်နေကာ ခြေစစ်ပွဲယှဉ်ပြိုင်ခါနီးမှ အပြီးသတ် ၂၃ ဦး ရွေးချယ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲ သုံးခုယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဒုတိယမြောက်ပြိုင်ပွဲအဖြစ် စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိကျင်းပမည့် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရဲရင့်လွင်ခတ်ပုံ-MFF**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲကျင်းပ၊ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တင်းနစ်အားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် ပြည်နယ်လက်ရွေးစင်အသင်းအား အောင်နိုင်ရေးအလံနှင့်ထောက်ပံ့ငွေပေးအပ်

**မြစ်ကြီးနား ဩဂုတ် ၂၇**

မြစ်ကြီးနားတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန် နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက မြကျွန်း ညိုညိုတေးသီချင်းသရုပ်ဖော်အကတို့ဖြင့် ဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍ နှုတ်ခွန်းဆက် စကားပြောကြားပြီး တိုင်းရင်းသားရိုးရာအကအလှ များဖြင့် ဖျော်ဖြေတင်ဆက်မှု၊ ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင် နေမှုကို ကြည့်ရှုအားပေးကြကာ ပြိုင်ပွဲကျင်းပရေး အတွက် ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်၍ ဆုရရှိ သူများ ဆုများပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်အားကစားနှင့်ကာယ ပညာဦးစီးဌာနရုံး၌ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တင်းနစ်အားကစားပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ကြမည့် ပြည်နယ်လက်ရွေးစင် တင်းနစ် အသင်းအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ချီးမြှင့် ငွေပေးအပ်ပွဲအခမ်းအနားကိုကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်များအနေဖြင့် ဆုတံဆိပ်များ ရရှိအောင်၊ ပြည်နယ်၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း မှာကြားသည်။

ယင်းနောက် လက်ရွေးစင်တင်းနစ်အသင်း အုပ်ချုပ်သူ၊ နည်းပြနှင့် ကစားသမားများအား အောင်နိုင်ရေးအလံနှင့် ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည့်



မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာ ဖိုရမ် (၂၀၂၅) တွင် ဖျော်ဖြေကြမည့် ကချင်ပြည်နယ် ကိုယ်စားပြုတိုင်းရင်းသားရိုးရာအကအဖွဲ့၏ကြိုတင် ပြင်ဆင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ် ဝန်ကြီးချုပ်က ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ် သည်။

**ပြည်နယ် (ပြန်/ဆက်)**

## မအူပင်မြို့၌ MyRO မှတ်ပုံတင်ဆောင်ရွက်ရန် ဆန်စပါးလုပ်ငန်းရှင်များအား အသိပညာပေး

**မအူပင် ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင် မြို့၌ MyRo မှတ်ပုံတင်ဆောင်ရွက် ရန်ကိစ္စနှင့်စပ်လျဉ်း၍ အသိပညာ ပေးဟောပြောပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဆန်စပါးလုပ်ငန်းရှင် များအား အသိပညာပေးဟောပြော ပွဲတွင် မအူပင်ခရိုင် စားသုံးသူရေးရာ



ဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက ဆန်တန်ချိန် ၅၀ တန် သို့မဟုတ် စပါးတင်း ၅၀၀၀ နှင့်အထက် သိုလှောင် ထားရှိသည့် ဆန်စပါးသိုလှောင်ရုံ များအားလုံး မြန်မာဆန်စပါး အွန်လိုင်း (Myanmar Rice Online MyRO) စနစ်တွင် မှတ်ပုံတင်ရန် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၄ ရက်မှ စတင်ပြီး ထုတ်ပြန်ခဲ့ခြင်းဖြစ် ကြောင်း၊ မအူပင်မြို့နယ်မှ မှတ်ပုံ တင်ပြီး ဆန်/စပါး သိုလှောင်ရုံ ၃၆ လုံး မှတ်ပုံတင်ဆောင်ရွက် ပြီးစီးပြီး ထပ်မံသက်တမ်းတိုးရန် ရှိသော လုပ်ငန်းများမှာလည်း သက်တမ်းတိုးဆောင်ရွက်ပြီးစီး ပြီဖြစ်ကြောင်း၊ MyRO မှတ်ပုံတင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အား မအူပင် ဆန်စပါးလုပ်ငန်းရှင်နှင့် ဆန်စက်လုပ်ငန်းရှင်များသိရှိနိုင် ရေး အသိပညာပေးဆွေးနွေးသည်။

မအူပင်မြို့နယ်အတွင်းရှိ ဆန် စပါးလုပ်ငန်းရှင်နှင့်ဆန်စက်လုပ်ငန်း ရှင် ၄၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**

## ရွှေဘိုမြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကျင်းပ

**ရွှေဘို ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ တန်ဖိုးမြှင့်စားသောက်ကုန် (Bakery အမျိုးမျိုး)ထုတ်လုပ်မှုနည်းပညာသင်တန်း အမှတ်စဉ်(၃/၂၀၂၅) သင်တန်း ဆင်းပွဲ အခမ်းအနားကို ယမန်နေ့က ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပ သည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာနဦးစီးမှူး ဦးစိုးမင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ရွှေဘိုခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာန လက်ထောက်ညွှန်ကြားရေးမှူး လင်းထက်အောင်တို့က သင်တန်း ဆင်းလက်မှတ်များပေးအပ်သည်။ အဆိုပါသင်တန်းတွင် သင်တန်း နည်းပြဆရာ ဆရာမများက မုန့်အမျိုးမျိုးပြုလုပ်ခြင်းများကို စာတွေ့ လက်တွေ့သင်ကြားပေးပြီး သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၇**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Premier Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Zeekr 7X အမျိုး အစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Shwe Thway Co., Ltd. မှ တင်သွင်း လာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ3X ၊ BYD Sealion 07 နှင့် BYD Song L အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Star Capital Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်း သို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူ ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဩဂုတ် ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့ တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်း သင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင် သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်း အပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေး လျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်၊ စတုတ္ထအကြိမ်မြောက် ကျောင်းအခြေပြု သင်တန်းအား ၁-၉-၂၀၂၅ ရက်မှ ၁၀-၁၀-၂၀၂၅ ရက်အထိ ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုး သမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)** အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း - ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံ မြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း- ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရှာင်)** အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်း ကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှာင်မြို့၊ ဖုန်း- ၀၈၁- ၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ် မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉- ၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## ကော့သောင်းမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် ဩဂုတ် ၂၇**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက် ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆေးကုသရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တပ်ကုန်းမြို့နယ်အတွင်း ခရီးသွားဖော်ဆောင်ရေးနှင့် ပွဲစားဆည် ရေယူမြောင်းဖော်ဆောင်နေမှု ကြည့်ရှုစစ်ဆေး

**တပ်ကုန်း ဩဂုတ် ၂၇**

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် တပ်ကုန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အုန်းပင်ကျေးရွာအုပ်စု အုန်းပင်ကျေးရွာအနီး ရေးဟောင်းသားခိုတောင်တော် မြတ်အား ခရီးသွားဖော်ဆောင်ရေးလုပ်ငန်းအတွက် ကျေးရွာလမ်းတစ်လျှောက် မဟာလေ့ခါးပန်းမျိုးကိုင်းများ စိုက်ပျိုးခြင်းကို ယမန်နေ့က ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်နှင့်တာဝန်ရှိသူများက အုန်းပင်ကျေးရွာအဝင် လမ်းတစ်လျှောက် မဟာလေ့ခါးပန်းမျိုးကိုင်းအပင် ၅၀၀ စိုက်ပျိုးနေသည့် ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ မဟာလေ့ခါးပန်းမျိုးကိုင်းများ ပါဝင်စိုက်ပျိုးပေးပြီး မုန့်နှင့်အချိုရည်များ ပေးအပ်သည်။

ထို့နောက် အုန်းပင်ကျေးရွာအနီး ပွဲစားဆည်ပြန်လည်တည်ဆောက်ရေး၊ စိုက်ပျိုးရေယူမြောင်းတူးဖော်နေမှု၊ ပွဲစားဆည်ရေယူမြောင်းမှ ရေများဖြင့် မိုးစပါးစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုသည်။



ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် အုန်းပင်ကျေးရွာအုပ်စုကွင်းအမှတ်(၁၃၅၆)ကွင်း ဆင်းပဒေသာ-၁၁ မြေပဲစိုက်ခင်း၊ ချည်မျှင်ရှည်ဝါစိုက်ခင်းနှင့် ညောင်ကိုင်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၂၈၅) ကွင်း၊ ခရမ်းသီးစိုက်ခင်းများ ကြည့်ရှုခဲ့သည်။ **တင်စိုးလွင်(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ တတိယအကြိမ် မြို့နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပန်းတောင်း ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် နတ်မောက်အုပ်စု ရေဝင်ရွာလေးကျေးရွာ ပြည်-တောင်ကုတ်ကားလမ်း၊ မိုင်တိုင်အမှတ် (၁၄/၂) တွင်



မြို့နယ်သစ်တောဦးစီးဌာနမှ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးထက်အောင်-၁ က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရသို့ လည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရက ရေဝင်ရွာလေးရှိ ဒေသခံများသို့ လည်းကောင်း ပျိုးပင်များ ပေးအပ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက ကံ့ကော်ပင် ၁၅၀၊ ကုက္ကိုပင် ၁၅၀ စုစုပေါင်းအပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။ (ဝဲပုံ) **လပြည့်လင်း (ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

**ကျောက်တံတား ဩဂုတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်နှင့်မြို့နယ်ရုံးများ၏ ပြည်သူ့စာကြည့်တိုက်များနှင့် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များသို့ ချမ်းမြသာစည်မြို့နယ် စာရေးဆရာအသင်းမှ မေတ္တာလှိုင်းပြိုင် ငလျင်ခံစားမှု ကဗျာစုစာအုပ်များ လှူဒါန်းပွဲကို ယနေ့နံနက်က ကျောက်တံတားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဟိန်းလတ်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမောင်မောင်(စာရေးဆရာမင်းဇော်လူ)က စာအုပ်များလှူဒါန်းရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ကဗျာစာအုပ် ၁၅၀ ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဟိန်းလတ်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းတို့က လက်ခံရယူသည်။ **မြို့နယ်(ပြန်/ဆက်)**



## ရာသီဥတုဆိုးရွားချိန်တွင် ငါးဖမ်းရေယာဉ်များ ခိုလှုံနိုင်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင်ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၁၄-၅-၂၀၂၅) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၅ ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ာဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာသတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာအရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန**

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပမည့် ပြိုင်ပွဲအဆင့်နှင့်ဘာသာရပ်များ ထုတ်ပြန်ကြေညာ

*(ယမန်နေ့မှအဆက်)*

**"မယ်ဒလင်" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ**

၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဘုံဆောင်မြင့် (ကြိုး)
(ခ) အန္တရာယ်ကင်း ဂီတာဦးစိမ်းမောင်(ကာလပေါ်)
(ဂ) ထွေထွေဆန်းဆန်း (ယိုးဒယား)

၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မင်္ဂလာသီရိ (ဘွဲ့)
(ခ) ပွင့်ဦး (ကာလပေါ်)
(ဂ) နန်းဘုံသီဟာဘွေ (ယိုးဒယား)

၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဝေဘာဂီရိ (ကြိုး)
(ခ) ဝိဇ္ဇာတောလား (ယိုးဒယား)
(ဂ) မေတ္တာဖြန်းမှ လန်းဆန်းမယ် (ကာလပေါ်)

**"ဂီတာ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ**

၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆန်းနွှေဦး (ယိုးဒယား)
(ခ) ဂုဏ်မြင့်သူ (ကာလပေါ်)(ပြည်လှဖေ)
(ဂ) ဘုံဆောင်မြင့် (ကြိုး)

၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) စက်လဲပျော်ပါနိုင် (ယိုးဒယား)
(ခ) စံပယ် (ကာလပေါ်)
(ဂ) သီလာမြေယံ (ကြိုး)

၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) သာယာသာယာ (ကြိုး)
(ခ) အိုလျှံညီးလင်း (ယိုးဒယား)
(ဂ) ချစ်နှင်းမှုံမှုံ (ကာလပေါ်)

**"ဒုံမင်း" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ**

၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) နှလုံးသားကို အလှဆင်မယ် (ကာလပေါ်)
(ခ) ဘုန်းမိုးရွာ စွေသွန်းဖြန်း (ကြိုး)
(ဂ) မြိုင်ကြီးဟေမာ (ယိုးဒယား)

၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆန်းဆန်းသဥ္ဇာ ကြာညောင် (ယိုးဒယား)
(ခ) အနန္တငါးဖြာ (ကာလပေါ်)
(ဂ) ဝေဇယန်နှင့် နှန်းပြာ (ကြိုး)

၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
(ခ) မဟာဇနက (ကာလပေါ်)
(ဂ) မြိုင်ဟေမာ (ယိုးဒယား)

**"ဆိုင်းတစ်ဦးချင်း" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ**

၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆွတ်ဖြန်းငယ်လေ (ကြိုး)
(ခ) မြန်မြေနယ် ဇမ္ဗူဘောင် (မြင်းခင်း)
(ဂ) ကုဏ္ဍာလာ (ယိုးဒယား)

၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) တောဟောဝန်လယ် (ယိုးဒယား)
(ခ) ယမုန်နာ (ပတ်ပျိုး)
(ဂ) မင်းလမ်းစပ်ကာ (ကြိုး)

၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ရွှေဘုန်းရွှေဘုန်း (ကြိုး)
(ခ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
(ဂ) မြမန်းဂီရိ (ယိုးဒယား)

## တောင်ငူခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများအား မျက်စိအတွင်းတိမ် အခမဲ့ခွဲစိတ်ကုသပေး

**တောင်ငူ ဩဂုတ် ၂၇**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် တောင်ငူခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဩဂုတ် ၂၀ ရက်မှ စတင်၍ မျက်စိဝေဒနာရှင် ၂၆၁ ဦးအား စမ်းသပ်စစ်ဆေးခဲ့ပြီး မျက်စိအတွင်းတိမ်ခွဲစိတ်လူနာ ၅၂ ဦးအနက်မှ ၂၃ ဦးအား ယနေ့တွင် အခမဲ့ခွဲစိတ်ကုသမှုဆောင်ရွက်ပေးသည်။



ထိုသို့ မျက်စိအတွင်းတိမ် အခမဲ့ခွဲစိတ်ကုသပေးနေမှုကို ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်း၊ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီး ယာယီဆေးရုံအုပ်ကြီး ဦးစောသူရကြည်ဖေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညဏ်လင်းအောင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်တို့က ကြည့်ရှုအားပေးကာ မျက်စိအတွင်းတိမ်ခွဲစိတ်လူနာများအား နေကာမျက်မှန်တပ်ပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ဆောင်ရွက်ပေးသည်။ (ဝဲပုံ)

တောင်ငူခရိုင် ပြည်သူ့ဆေးရုံကြီး ၌ မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာနိုင်ဝင်းဌေးနှင့် ဒေါက်တာ စန္ဒာချစ်ဆွေတို့က မျက်စိအတွင်းတိမ်ခွဲ စိတ်လူနာ ၅၂ ဦးအား ဩဂုတ် ၂၇ ရက်မှ ၂၈ ရက်အထိ အခမဲ့ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## မော်လမြိုင်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**မော်လမြိုင် ဩဂုတ် ၂၇**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ (ယာပုံ)

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး (အ.ထ.က-၄) ကျောင်းမှ (Grade-10) နှင့် (Grade-11) ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ဘဝနေနည်း၊ လူငယ်နှင့်ဇာတိမာန်၊ လူငယ်နှင့်အနုပညာ၊ လူငယ်နှင့် စာပေလေ့လာမှု၊ လူငယ်နှင့် လူငယ့်တာဝန် ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြရာ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိလိုသည့်အချက်များကို ပြန်လည်



မေးမြန်းရာ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့သည်။

**စည်သူ(ပြန်/ဆက်)**



## ပွင့်ဖြူမြို့နယ်၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေး

**ပွင့်ဖြူ ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး(CPU)အဖွဲ့က ကြီးမှူးကျင်းပသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

ဦးစွာ ပွင့်ဖြူမြို့နယ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး(CPU)အဖွဲ့ခေါင်းဆောင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်က မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ၊ ကာကွယ်ရမည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး(CPU)အဖွဲ့ခေါင်းဆောင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ဒိုက်ဦးမြို့နယ်၌ ဆက်သွယ်ရေးလိမ်လည်မှုဆိုင်ရာတိုက်ဖျက်ရေးအသိပညာပေး

**ဒိုက်ဦး ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးစိတ်(၃)၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်အသင်းနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးအသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်ရတနာခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အဆိုပါအခမ်းအနားတွင် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနနှင့် ကမ္ဘောဒီးယားနိုင်ငံပြည်ထဲရေးဝန်ကြီးဌာနတို့မှ ပေးပို့လာသော ဆက်သွယ်ရေးလိမ်လည်မှုဆိုင်ရာသိကောင်းစရာ(Video Clip) များကို ပြသသည်။ ဆက်လက်၍ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးစိတ်(၃)မှ ရဲအုပ်အောင်လှိုင်ထွန်းက ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုဆိုင်ရာသိကောင်းစရာများကို ဟောပြောဆောင်ရွက်ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ဆုရရှိသူများ နေပြည်တော်ရှိ အထင်ကရနေရာများအား သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၂၇**

တပ်မတော် (ကြည်း၊ ရေ၊ လေ) မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ မိသားစုဝင်မှီခိုသူသားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများသည် ယနေ့နံနက်ပိုင်းတွင်ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်ကြည်ညိုလေ့လာကြသည်။ ထိုမှတစ်ဆင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်အတွက် မိမိတို့၏အသက်ကိုပင် ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားစွာ ပေးဆပ်ခဲ့ကြ၍ အမွန်မြတ်ဆုံး တုန္နိုင်းဖွယ်ရာမရှိသောဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမ္ပည်း ရေးထိုးထားရှိရာ



အထိမ်းအမှတ်ဗိမာန်တစ်ခုဖြစ်သည့် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ဂါရဝပြု အလေးပြုကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## MEVM အသုံးပြုနည်းစနစ်အဆင့်ဆင့် အသိပညာပေးဟောပြောပြီး လက်တွေ့စမ်းသပ်ဆန္ဒမဲပေး

**နေပြည်တော် ဩဂုတ် ၂၇**

လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်များ မှန်ကန်မြန်ဆန်လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရန် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုနည်းစနစ် အဆင့်ဆင့်နှင့်စပ်လျဉ်းသည့် အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့စမ်းသပ်ဆန္ဒမဲပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီတွင် လားရှိုးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်)၊ လားရှိုးမြို့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အထွေထွေရွေးကောက်ပွဲကျင်းပမည့် အခြေအနေများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းဆွေးနွေးပြီး ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်က ရွေးကောက်ပွဲကျင်းပမည့်ကိစ္စရပ်များနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြား၍ လားရှိုးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး၊ ခရိုင်ရွေးကောက်ပွဲအရာရှိက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) စမ်းသပ်ဆန္ဒမဲပေးခြင်းများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် အသိပညာပေး ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက တစ်ဦးချင်း လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ တွဲဖက်ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင် လားရှိုးမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ စုစုပေါင်း ၉၃၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ယင်းမာပင်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

**ယင်းမာပင် ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဩဂုတ် ၂၅ ရက်က ယင်းမာပင်မြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်အေးက ကျောင်းသား ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် ဓာတ်ပုံများကို ပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## လွိုင်ကော်မြို့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် လူငယ်စကားဝိုင်းနှင့် အသိပညာပေးဟောပြောပွဲများကျင်းပ

**လွိုင်ကော် ဩဂုတ် ၂၇**

ကယားပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကယားပြည်နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် ဩဂုတ် ၂၄ ရက်မှ ၂၅ ရက်အထိ လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကာယစွမ်းရည်ပြိုင်ပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ၊ စာအုပ်စာစောင်နှင့် ဓာတ်ပုံပြခန်း၊ ဌာနဆိုင်ရာ ပြခန်းများ၊ လူငယ်စကားဝိုင်းနှင့် အသိပညာပေး ဟောပြောပွဲများအပြင် အနုပညာရှင်များ လာရောက်ဖျော်ဖြေမှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ပွဲတော်တွင် လူငယ်စကားဝိုင်းကို ဩဂုတ် ၂၄ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်း ပညာရတနာခန်းမ၌ကျင်းပရာ လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာမြင့်က လူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်သည်။ ဆက်လက်၍ (G – 12) ကျောင်းသား မောင်နေဘုန်းမြတ်က လူငယ်နှင့်အားကစား ခေါင်းစဉ်၊ (G–12) ကျောင်းသား မောင်စောဘုန်းပြည့်သက်နှစ်က လူငယ်နှင့် I.C.T နည်းပညာ ခေါင်းစဉ်၊ (G–11)ကျောင်းသူ မရွှေယွန်းမီက လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်၊ (G–10) ကျောင်းသူ မထွန်းဇူဇူးမီက လူငယ်နှင့်စာရိတ္တ ခေါင်းစဉ် တို့ဖြင့် ဆွေးနွေးကြပြီး တက်



ရောက်လာသော ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းခြင်း၊ ခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးခြင်းများ ပြုလုပ်ကြသည်။ ထို့နောက် ပြည်နယ်အစိုးရအဖွဲ့က ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပါဝင်ဆွေးနွေးသူကြများအား ပေးအပ်ခဲ့သည်။

အသိပညာပေး ဟောပြောပွဲကို အဆိုပါကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ စာရေးဆရာမ ဒေါ်နီနီဝင်း မဟူရာ(လွိုင်ကော်) က စာဖတ်ရှိန်မြှင့်တင်ရေးခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။ ယခုကျင်းပသည့် လူငယ်စကားဝိုင်းနှင့် အသိပညာပေး ဟောပြောပွဲသို့ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ကိုတွတ်(ပြန်/ဆက်)

## နောင်တရားမြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်

**နောင်တရား ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် နောင်တရားမြို့ ကျေးလက်ကျန်းမာရေးဌာန၌ ပြည်သူ့ကျန်းမာရေးဌာနနှင့် ကလေးမိဘများစုပေါင်း၍ ကလေးငယ်တိုင်း ကျန်းမာရေးနှင့်ညီညွတ်သည့် အာဟာရများ စားသုံးနိုင်စေရေး၊ ပြုမူနေထိုင်တတ်စေရေးနှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်သိန်းထွေးက အမှာစကားပြောကြားပြီး တိုက်နယ်ဆရာဝန် ဒေါက်တာဆုယဉ်တွာက အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှုအကြောင်း၊ ကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဦးနေမျိုးက အာဟာရဖွံ့ဖြိုးရေး၏ ကျန်းမာရေးအတွက် အရေးပါပုံအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခွန်အောင်(နောင်တရား)

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ဆူဇူကီးကားကုမ္ပဏီက အိန္ဒိယနိုင်ငံထုတ် SUV လျှပ်စစ်ကားများ တင်ပို့မှုစတင်

**နယူးဒေလီ ဩဂုတ် ၂၇**

ဆူဇူကီးကားကုမ္ပဏီသည် အိန္ဒိယနိုင်ငံတွင် တပ်ဆင်သည့် ၎င်း၏ ပထမဆုံး SUV လျှပ်စစ်ကားများကို စတင်တင်ပို့နေပြီဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်ရှိ ဆူဇူကီးကုမ္ပဏီ၏စက်ရုံအခမ်းအနားတွင် ဩဂုတ် ၂၆ ရက်က အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ယနေ့မှစ၍ အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်သည့် လျှပ်စစ်ကားများကို နိုင်ငံပေါင်း ၁၀၀ကျော်သို့ စတင်တင်ပို့နိုင်တော့မည်ဟု အိန္ဒိယဝန်ကြီးချုပ်က ပြောသည်။ ထို့ပြင် ဂျပန်နိုင်ငံနှင့်စီးပွားရေးအရ ချည်နှောင်မှု၏အရေးကြီးမှုကိုလည်း၎င်းကအလေးပေးပြောကြားခဲ့သည်။ ၎င်းသည် လာမည့် ဩဂုတ် ၂၉ ရက်တွင် ဂျပန်နိုင်ငံသို့ သွားရောက်ရန်လည်း စီစဉ်ထားသည်ဟု သိရသည်။



ဂူဂျာရတ်ပြည်နယ်တွင် ထုတ်လုပ်တပ်ဆင်သည့် VITARA မော်ဒယ်သည် ဆူဇူကီးကုမ္ပဏီ၏ ပထမဆုံးသော ဘက်ထရီပါဝါသုံးကားလည်းဖြစ်သည်။ အားသွင်းလျှင် ကီလိုမီတာ ၅၀၀ ကျော်အထိ မောင်းနှင်နိုင်သည်ဟု ကုမ္ပဏီကပြောသည်။

ဆူဇူကီးကုမ္ပဏီသည် မာရူတီ ဆူဇူကီး လုပ်ငန်းခွဲမှတစ်ဆင့် အိန္ဒိယတွင် လျှပ်စစ်ကားထုတ်လုပ်မှုကို ယခုနှစ်အစောပိုင်းတွင် စတင်ခဲ့သည်။

ဆူဇူကီးကုမ္ပဏီသည် လာမည့်ငါးနှစ်မှ ခြောက်နှစ်အတွင်း အိန္ဒိယတွင် အမေရိကန်ဒေါ်လာ ၈ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားသည်။ ဆူဇူကီးကုမ္ပဏီ၏ဥက္ကဋ္ဌဖြစ်သူ ဆူဇူကီးတိုရှီဟီရို ကလည်း အိန္ဒိယရှိ၎င်းတို့၏ဈေးကွက်ကို ဆက်လက်ထိန်းသိမ်းထားရန် ရည်မှန်းထားကြောင်းလည်း ပြောသည်။ သို့သော်လည်း ဈေးကွက်ပြိုင်ဆိုင်မှုမှာ ပြင်းထန်နေသည်။

အမေရိကန် လျှပ်စစ်ကားကုမ္ပဏီကြီးဖြစ်သည့် တက်စလာသည်လည်း လွန်ခဲ့သည့် လအတွင်းက အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ၎င်းတို့၏ ပထမဆုံး ကားပြခန်းကို ဖွင့်လှစ်ခဲ့သည်။ တောင်ကိုရီးယားကားကုမ္ပဏီဖြစ်သည့် ဟွန်ဒိုင်းသည်လည်း အိန္ဒိယတွင် လျှပ်စစ်ကားထုတ်လုပ်မှုကို ချဲ့ထွင်ရန် စီစဉ်နေသည်။

**အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်နိုင်ငံက ၂၀၄၅ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်းပညာရေးစနစ် ၂၀ ထဲ ပါဝင်နိုင်ရေး ရည်မှန်းလုပ်ဆောင်

**ဟန္နိုင်း ဩဂုတ် ၂၇**

ဗီယက်နမ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့၏ ဩဂုတ် ၂၂ ရက်က ထုတ်ပြန်လိုက်သော ဆုံးဖြတ်ချက်အသစ်အရ ဗီယက်နမ်နိုင်ငံသည် နိုင်ငံ၏ပညာရေးစနစ်ကို ၂၀၄၅ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်းပညာရေးစနစ် ၂၀ ထဲ ပါဝင်နိုင်ရေး ရည်မှန်းလုပ်ဆောင်လျက်ရှိကြောင်း ဒေသတွင်းမီဒီယာ VNExpress က ဩဂုတ် ၂၇ ရက်တွင် ဖော်ပြထားသည်။

အဆိုပါဆုံးဖြတ်ချက်တွင် နိုင်ငံအတွင်းရှိ တက္ကသိုလ် ၁၀၀ ရာခိုင်နှုန်းမှာ အမျိုးသားစံချိန်စံညွှန်းတွေကို ပြည့်မီရမည်ဖြစ်ကြောင်း၊ ၂၀ ရာခိုင်နှုန်းမှာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် အဆင့်များသို့ ရောက်ရှိရမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံရှိ တက္ကသိုလ်များအနက် အနည်းဆုံး တက္ကသိုလ်တစ်ခုမှာ ၂၀၃၀ ပြည့်နှစ်တွင် ရွေးချယ်ထားသော ပညာရပ်နယ်ပယ်တွင် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ် ၁၀၀ စာရင်းထဲ ပါဝင်နိုင်ရမည်ဖြစ်ကြောင်း စသည့် အဓိကပန်းတိုင်များကို အလေးပေးဖော်ပြထားသည်။

အခက်အခဲရှိသောဒေသများ၊ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးသော ဒေသများမှ ဆရာ ဆရာမများအတွက် ထောက်ပံ့ကြေးကို နှစ်ဆတိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်းနှင့် အစိုးရ၏ပညာရေးအပေါ် သုံးစွဲမည့်ဘတ်ဂျက်ကို နိုင်ငံတော်ဘတ်ဂျက်၏ ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



# အင်ဒိုနီးရှားနိုင်ငံ၌ ခွေးရူးပြန်ရောဂါဖြစ်ပွားမှုများ မြင့်တက်လာသောကြောင့် ကာကွယ်ဆေးထိုးနှံရေးလှုပ်ရှားမှု အရှိန်မြှင့်လုပ်ဆောင်



**ဂျကာတာ ဩဂုတ် ၂၇**

အင်ဒိုနီးရှားနိုင်ငံသည် ခွေးရူးပြန်ရောဂါကူးစက်ဖြစ်ပွားသူ ရာနှင့်ချီရှိလာပြီးနောက် ဒေသအများအပြားတွင် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံရေး လှုပ်ရှားမှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း ဒေသမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။

မြောက်ဆူမားတြားပြည်နယ် တိုဘာဒေသ၌ ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လကြားတွင် ခွေးရူးကိုက်ခံရမှု စံချိန်တင် ၅၁၉ ဦးအထိ ရှိလာကြောင်း ဒေသဆိုင်ရာကျန်းမာရေးအေဂျင်စီက ဖော်ပြသော အချက်အလက်များအရ သိရသည်။ တိုဘာကျန်းမာရေးရုံး၏ လူ့စွမ်းအားအရင်းအမြစ်နှင့် ကာကွယ်ဆေး ထိုးနှံရေးဆိုင်ရာ ဌာန အကြီးအကဲ မန်ဂါပူးလ်ပါဒီဒီက ၎င်း၏အဖွဲ့သည် ခွေးရူးကိုက်ခံရသူများကို စောင့်ကြည့်လျက်ရှိကြောင်းနှင့် ကာကွယ်ဆေးများ အလုံအလောက် ရရှိရေးအတွက်လည်း ဆောင်ရွက်နေကြောင်း ပြောသည်။

လတ်တလောတွင် ခွေးရူးပြန်ကာကွယ်ဆေး လက်ကျန် ၁၇၈ ပုလင်းသာရှိကြောင်း၊ ယင်းသည် ဩဂုတ်လအတွက် လုံလောက်သော်လည်း ရောဂါဖြစ်ပွားမှုများ ဆက်လက် မြင့်တက်လာလျှင် လုံလောက်မှုရှိတော့မည် မဟုတ်ကြောင်း ၎င်းက ဩဂုတ် ၂၆ ရက်တွင် ပြောသည်။

ရီအောဝ်ပြည်နယ် ပီကန်ဘာရူးမြို့ရှိ ဒေသဆိုင်ရာ စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းအေဂျင်စီက ခွေးရူးပြန်ရောဂါရှိသည့် ခွေးတစ်ကောင်၏ တိုက်ခိုက်ခြင်းကို လူအများအပြားခံရပြီးနောက် ခွေးနှင့် ကြောင်များ အပါအဝင် အိမ်မွေးတိရစ္ဆာန် ရာချီကို ခွေးရူးပြန်ကာကွယ်ဆေး အစုလိုက်အပြုံလိုက် ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# နျူကလီယားပိတ်ဆို့မှုများအရေး ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့နှင့် အီရန်ဆွေးနွေးပွဲစတင်

**တီဟီရန် ဩဂုတ် ၂၇**

ကုလသမဂ္ဂ၏ ပိတ်ဆို့မှုများကို ရှောင်ရှားရန်အတွက် အီရန်နိုင်ငံသည် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့နှင့် ဆွေးနွေးပွဲစတင်ကြောင်း သိရသည်။

အမေရိကန်နှင့် အီရန်တို့၏ နျူကလီးယားဆွေးနွေးပွဲမှာ ဆိုင်းငံ့ထားဆဲဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဩဂုတ် ၂၆ ရက်တွင် ဥရောပသုံးနိုင်ငံနှင့် ပြုလုပ်သည့် ဒုတိယဝန်ကြီးအဆင့် ဆွေးနွေးပွဲတွင် အီရန်နိုင်ငံလည်း ပါဝင်ခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် အမေရိကန်နှင့်နျူကလီးယားဆွေးနွေးပွဲပြန်လည်စတင်ရန် အဆိုပါသုံးနိုင်ငံစလုံးက တောင်းဆိုခဲ့သည်။ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အက်စမေးလ်ဘာဂါဟီက ဆွေးနွေးပွဲများအပြီးတွင် ဥရောပသုံးနိုင်ငံနှင့် လာမည့်ရက်များအတွင်း အဆက်အသွယ်များ ဆက်လက်ရှိနေဦးမည်ဟု အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြားသို့ ပြောကြားခဲ့သည်။

စေ့စပ်ညှိနှိုင်းမှုများအတွင်း အီရန်သည်ပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားရေးအပြင် ၎င်း၏နျူကလီးယားအခွင့်အရေးနှင့်ပတ်သက်၍ ၎င်း၏တောင်းဆိုမှုများကို ပြတ်ပြတ်သားသား အသိပေးခဲ့ကြောင်း အက်စမေးလ်ဘာဂါဟီက ပြောသည်။

စက်တင်ဘာလမှစတင်၍ အီရန်နိုင်ငံသည် နျူကလီးယားပြဿနာနှင့် ပိတ်ဆို့မှုများဖယ်ရှားပေးရေး ဥရောပသုံးနိုင်ငံနှင့် ဆွေးနွေးပွဲအချို့ ပြုလုပ်ခဲ့သည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

# ဆီးရီးယားနိုင်ငံ၌ ဆယ်စုနှစ်များစွာအတွင်း အဆိုးရွားဆုံးမိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့နေရဟုဆို

**ဒမတ်စကတ် ဩဂုတ် ၂၇**

ဆီးရီးယားနိုင်ငံသည် နှစ်ပေါင်းများစွာကြာသော ပဋိပက္ခများနှင့် စီးပွားရေးပြိုလဲမှု အကျိုးဆက်များအပြင် သမိုင်းဝင် မိုးခေါင်ရေရှားမှုများကြောင့် သန်းနှင့်ချီသောပြည်သူများ ငတ်မွတ်ခေါင်းပါးမှုဘေးအန္တရာယ်နှင့် ရင်ဆိုင်နေကြရကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) မှ တာဝန်ရှိသူများက သတိပေးထားသည်။

**နှစ်ပေါင်း ၄၀ နီးပါးအတွင်း အဆိုးရွားဆုံးဖြစ်**

၂၀၂၄-၂၀၂၅ ရာသီဥတုသည် မိုးရေသောက်နှင့် ဆည်ရေသောက်စိုက်ပျိုးရေး နှစ်မျိုးစလုံးကို ထိခိုက်စေပြီး နှစ်ပေါင်း ၄၀ နီးပါးအတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားသည့် ရာသီဥတုဖြစ်ကြောင်း အက်ဖ်အေအိုက ပြောသည်။

**ဆီးရီးယားနိုင်ငံသား ၁၄ သန်းကျော် စားနပ်ရိက္ခာမဖူလုံမှုနှင့် ရင်ဆိုင်နေ**

အက်ဖ်အေအိုမှ စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ အထူးကျွမ်းကျင်သူ ဂျလဲယ်အယ်မာမွတ်က ဆီးရီးယားနိုင်ငံသား ၁၄ သန်းကျော်မှာ စားနပ်ရိက္ခာမဖူလုံမှုနှင့် ရင်ဆိုင်နေကြရပြီး နောက်ထပ် ၅ ဒသမ ၅ သန်းမှာလည်း ငတ်မွတ်ခေါင်းပါးမှုဘေးအန္တရာယ်ထဲကို ကျရောက်နိုင်သည့် အခြေအနေတွင်ရှိကြောင်း ပြောသည်။

**ဆင်ဟွာ**

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၆ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဝါးဘိုးတော – ကမမောင်းလမ်းဆုံအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့နယ် ထီးပို့ကလို့ကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၄ မျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၂၈၁၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၆၂ မျိုး၊ လူသုံးကုန်ပစ္စည်း ၄၇ မျိုး၊ စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၀၉၂၁၄၃၉) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sania Tractor Head နှစ်စီး၊ JAC K5 Tractor Head တစ်စီး၊ Dong Feng Tractor Head တစ်စီး၊ Howo Sino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်ငါးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၇၆၉၇၉၃၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၂၄ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ် အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၁၆၄၀၀၀) ကိုလည်းကောင်း၊ ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအနီး၌ မော်တော်ယာဉ် ၁၇ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၆ မျိုး၊ လူသုံးကုန်ပစ္စည်း ၃၇ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၆၇၁၅၀၀၀) နှင့် Mitsubishi Fuso Truck ခုနစ်စီး၊ Nissan Diesel Truck ငါးစီး၊ Hino Profia Truck နှစ်စီး၊ Nidi Truck တစ်စီး၊ Nissan Diesel Tractor Head တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၇၈၇၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ ဩဂုတ် ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ် အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၁ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်၌ တရားမဝင်စက်သုံးဆီ ခတ်ဆီ ဂါလန် ၂၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၅၅၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၉၉၈၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်၊ ပဲခူးခရိုင်နှင့် နတ်တလင်းခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၆၉၉၈၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဆိပ်ဖြူမြို့နယ် အိမ်တွင်းမှုလမ်းဆုံအနီး၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၆၇၀၁၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Chindwin Star Light Truck တစ်စီး၊ Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၇၆၇၀၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နှင့် ဗဟန်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၂၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့ အဝင်ဂိတ်အနီး၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သာပေါင်းမြို့နယ်၌ တရားမဝင် အခြားသစ် ၃ ဒသမ ၀၉၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၃၃၆)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၅၉၃၃၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ်အတွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် ၁၈ ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းအမျိုး ၄၀၊ လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ စားသောက်ကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၄၈၆၈၀၀) ကိုလည်းကောင်း၊ ရွှာင်ခရိုင်မြို့ကြီးအနီး၌ မော်တော်ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၃ မျိုး လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၂၇၆၆၇၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Howo Sino Tractor Head နှစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်သုံးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၃၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Ranger Truck တစ်စီး၊ Isuzu Truck တစ်စီး၊ Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၃၆၃၃၅၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ မူးယစ်ဆေးဝါးမျိုးစုံလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၃၅၅၈၀၀၀၀၀) ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ဩဂုတ် ၂၆ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်ခုနစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် အစီး ၃၀ ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ် ၂၂ ရက်၊ ၂၄ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၉၃၇၈၀၆၈၁၉) ကို ဖမ်းဆီးရမိခဲ့သည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဘီးလင်းမြို့နယ်၌ ကုန်ထုတ်လမ်းလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ဘီးလင်း ဩဂုတ် ၂၇**

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဝင်းကကျေးရွာအုပ်စု ဝင်းက ကျေးရွာ ကုန်ထုတ်လမ်း (လမ်းဘောမြေ+ဂဝံ) ၂ ဒသမ ၁၆ မိုင် လမ်းအား လုပ်ငန်းမဆောင်ရွက်မီ တင်ဒါအောင်ကုမ္ပဏီက လမ်း Profile ဆွဲခြင်းနှင့် လမ်းနယ်နိမိတ်သတ်မှတ် ငုတ်ရိုက်ခြင်း လုပ်ငန်းကြိုတင်ဆောင်ရွက်ထားရှိမှုများကို မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဘုန်းမြတ်**

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## စေတုတ္တရာမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစမ်းသပ်စစ်ဆေးကုသပေးခြင်း ဆောင်ရွက်

**စေတုတ္တရာ ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါစစ်ဆေးပေးခြင်းနှင့် အခမဲ့စစ်ဆေးကုသပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက စေတုတ္တရာမြို့နယ် မိခင်နှင့်ကလေးဌာနရုံး၌ ဆောင်ရွက်သည်။



အဆိုပါ ကျန်းမာရေးစစ်ဆေးခြင်းနှင့်ဆေးကုသပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာ ဆရာမများက အငြိမ်းစားဝန်ထမ်းများအား စာရင်းပေးသွင်းပြီး သွေးပေါင်ချိန်တိုင်းခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးခြင်း၊ နှလုံးစစ်ဆေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးများအား အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**ဆန်းကိုကို(ပြန်/ဆက်)**



## နတ်မောက်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကတ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နတ်မောက် ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာ လိမ်လည်ထုတ်ယူခြင်းမှ ကင်းဝေးနိုင်စေရန်၊ လူပုဂ္ဂိုလ်မှန်ကန်မှု ရှိ မရှိ စိစစ်နိုင်စေရန်နှင့် ခေတ်မီနည်းပညာအသုံးပြုနိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ UID ကတ်များကို မြို့နယ်စီးပွားရေးဘဏ်(ခွဲ)၌ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးမျိုးတင့်နှင့် ရုံးဝန်ထမ်းများက Biometric(UID)စနစ်ဖြင့် UID ကတ်မပြုလုပ်ရသေးသော အငြိမ်းစားဝန်ထမ်းများအား UID ကတ်များ ပြုလုပ်ပေးရာ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား စုစုပေါင်း ၆၂၅ ဦးအထိ ပြုလုပ်ပေးပြီးဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံး တာဝန်ရှိသူများထံမှ သိရသည်။

**လှဝင်း(ပြန်/ဆက်)**

## ဇလွန်မြို့နယ်၌ တောင်သူများအတွက် သွင်းအားစု ဓာတ်မြေဩဇာအိတ်များပေးအပ်

**ဇလွန် ဩဂုတ် ၂၇**

ဇလွန်မြို့နယ်၌ ၂၀၂၅ -၂၀၂၆ ခုနှစ် မိုးစပါး နိုင်ငံ့စီးပွားမြှင့်တင်ရေး အစီအစဉ်တွင် အကျုံးမဝင်သည့် တောင်သူများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစု ဓာတ်မြေဩဇာများ တိုက်ရိုက်သက်သာစွာ ဖြန့်ဖြူးပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မေရီလန်းကျေးရွာအုပ်စု နည်းပညာပြန့်ပွားရေးစင်တာ၌ ပြုလုပ်သည်။



အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ကျော်စိုးက မိုးစပါးတစ်ကောက်ကွက်များ ပြည့်မီအောင် စိုက်ပျိုးပြီးဖြစ်သဖြင့် ယူရီးယား ဓာတ်မြေဩဇာများ သုံးစွဲရာတွင် အလေအလွင့် ဆုံးရှုံးမှုနည်းပါးစေရန်၊ ယူရီးယားတစ်ဆ သဘာဝမြေဩဇာ သုံးဆ ရောစပ်အသုံးပြုနိုင်ရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နှိမ်နင်း၍ ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ခြင်းဖြင့် ပန်းတိုင်အထွက်နှုန်း ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယူရီးယား ဓာတ်မြေဩဇာအိတ်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများက ပေးအပ်သည်။ ဇလွန်မြို့နယ်၌ ဩဂုတ်လအတွက် ဖြိုးမောက်ယူရီးယား ဓာတ်မြေဩဇာ အိတ် ၅၀၂၀ နှင့် အာမိုကွန်ပေါင်းဓာတ်မြေဩဇာ ၁၄၂၂ အိတ် ရရှိမည်ဖြစ်ပြီး တာဝန်ရှိသူများက ကျေးရွာအုပ်စုများသို့ ခွဲတမ်းအလိုက် ဖြန့်ဝေပေးမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်တွင်းကြီးမြို့နယ်၌ အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်မှု အသိပညာပေး

**တောင်တွင်းကြီး ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်မှု အသိပညာပေးသရုပ်ပြသဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းက စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မြတ် ဦးဆောင်မှုဖြင့် ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်နှင့် အန္တရာယ်ရှိအမှိုက်ဟူ၍ လေးမျိုး ခွဲခြားထားပြီး အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်ကြရန် အမှိုက်အမျိုးအစားအလိုက် အမှိုက်ပုံးများကို အရောင်လေးမျိုး ခွဲခြားထားရှိပုံတို့ကို သရုပ်ပြ ဆွေးနွေးပြောကြားပြီး လက်တွေ့နှင့် အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာသိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

**နောင်နောင်(ဗိသနိုးမြေ)**



အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

## တာလေမြို့၌ ကျောင်းသားလူငယ်များအတွက် ဉာဏ်စမ်းပြိုင်ပွဲကျင်းပ



**တာလေ ဩဂုတ် ၂၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများနှင့် အများပြည်သူများ အသိဉာဏ်ပညာတိုးပွားရရှိစေရန် အသိပညာပြန့်ပွားရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၆ ရက်က အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဉာဏ်စမ်းပြိုင်ပွဲကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီတာအေးက ကျောင်းသားလူငယ်များ၏ ဉာဏ်ရည် ဉာဏ်သွေးများ ယခင်ထက် ပိုမိုထက်မြက်လာစေရန်၊ အသိပညာဗဟုသုတ တိုးပွားရရှိစေရန်၊ စာဖတ်သည့် အလေ့အထကောင်းများရရှိစေရန်နှင့် အမှား၊ အမှန် ဝေဖန်ပိုင်းခြားတတ်စေရန် ရည်ရွယ်၍ ဉာဏ်စမ်းပြိုင်ပွဲကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဉာဏ်စမ်းပြိုင်ပွဲတွင် မူလတန်းအဆင့်ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကာ ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု ဆုလက်ဆောင်များ ပေးအပ်ပြီး ပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသားလူငယ်များအား အာဟာရဖြည့်အစားအစာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

## သံတောင်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြော

**သံတောင်ကြီး ဩဂုတ် ၂၇**
ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၆ ရက်က သံတောင်ကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်ခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်အခြေခံပညာ အထက်တန်း ကျောင်းအုပ်ဆရာမကြီးက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး နော်လော်မူက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်မားရေး ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို ရှင်းလင်းဆွေးနွေး ဟောပြောသည်။



ဆက်လက်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နော်နီလာအေးက စာဖတ်ခြင်း အကျိုးကျေးဇူးများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး ထိခိုက်ဆုံးရှုံးခြင်းများကို ရှင်းလင်း ဆွေးနွေးပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။ **နော်နော်မူ**

## ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေး

**ညောင်ဦး ဩဂုတ် ၂၇**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကပါကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဦးက မြင်းကပါကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်ကြသူများအတွက် လိုအပ်သော ငွေကြေး အရင်းအနှီးများ ရရှိစေရန်၊ အဆိုပါလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းရန်ပုံငွေအတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြင်းကပါကျေးရွာ RBF စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ကာ ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်သည့် အစုအဖွဲ့လေးဖွဲ့မှ အသင်းသား အသင်းသူ ၄၅ ဦးအား RBF စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ ညောင်လေးပင် ပြည်သူ့ဆေးရုံ၌ ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးမည်

**ညောင်လေးပင် ဩဂုတ် ၂၇**
ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့က ညောင်လေးပင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံ၌ ကွင်းဆင်း ဆေးကုသမှုများ ဆောင်ရွက်ပေးသွားမည်။

ဆေးကုသပေးရာတွင် ပဲခူးမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် ဖျားနာအထူးကု၊ ကလေးအထူးကု၊ ခွဲစိတ်အထူးကု၊ သားဖွားမီးယပ်အထူးကု၊ မျက်စိအထူးကု၊ အရိုးအထူးကု၊ အရေပြားအထူးကု၊ ဓာတ်မှန်အထူးကု၊ သွားနှင့်ခံတွင်း အထူးကုများပါဝင်သော ဆရာဝန်ကြီးများက ဩဂုတ် ၃၀ ရက်တွင် ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ကွင်းဆင်းဆေးကုသမှုများ ပြုလုပ်ပေးသွားမည်ဖြစ်၍ မည်သူမဆို လာရောက်ပြသနိုင်သည်။



ဆေးကုသမှု ခံယူလိုသူများ အနေဖြင့် ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံအပါအဝင် နီးစပ်ရာ တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ ကြိုတင်၍ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**



## လေးမျက်နှာမြို့နယ်၌ တောင်သူနည်းပညာပေးဟောပြော

**လေးမျက်နှာ ဩဂုတ် ၂၇**
ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ပိန်းအင်းကျေးရွာအုပ်စုနှင့် ခမောက်စုကျေးရွာအုပ်စုတို့တွင် ဩဂုတ် ၂၅ ရက်က တောင်သူနည်းပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိ ဦးကျော်မိုးထွန်းက ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် စိုက်ပျိုးသီးနှံများတွင် ကျရောက်တတ်သော ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ နည်းလမ်းများကို အသိပညာပေးဟောပြောကာ ဒေသခံတောင်သူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။

ဟောပြောပွဲသို့ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးသီးမြို့နယ်၌ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**ပျဉ်းမနား ဩဂုတ် ၂၇**
ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ကျင်းပသည့် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၅ ရက်က ဟန်နားကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်သီဂီဝင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်း နည်းလမ်းများ၊ ဆောင်ရန် ရှောင်ရန် စသည့်အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ဟောပြောပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဟန်နားကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ပိုးသခင်**

## ခရမ်းမြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြော

**ခရမ်း ဩဂုတ် ၂၇**
ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ညောင်ပင်ကွင်းကျေးရွာ အထက(ညောင်ပင်ကွင်း)ကျောင်း၌ အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၅ ရက်က ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် အထက(ညောင်ပင်ကွင်း)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝင့်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိမည့် စာပေများကို လေ့လာဖတ်ရှုစေလိုကြောင်း၊ စာပေဖတ်ရှုခြင်းကြောင့် အတွေးအခေါ်များ မြင့်မားလာပြီး အသိပညာဗဟုသုတများ ရရှိစေကာ ဗလငါးတန်ဖြင့် ပြည့်စုံကြွယ်ဝသည့် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အကြောင်းအရာများကို ဟောပြောသည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဦးခုပ်စွမ်းခိုင်က အားကစားနှင့်ပတ်သက်သည့် သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြို့နယ်အချို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်



## မင်းလှ

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၂၅ ရက်က မြို့ပေါ်ရပ်ကွက်များ၌ ဆောင်ရွက်ရာတွင် မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့သည်။ **ဝင်းမြတ်(အထက်မင်းလှ)**



## ကန်ကြီးထောင့်

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်အတွင်းရှိ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၂၅ ရက်က မြင်းကဆိပ်တိုက်နယ်၌ ဆောင်ရွက်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဒေါ်နှင်းဝါမြင့်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မဲဆန္ဒရှင်များက လက်တွေ့စမ်းသပ်မဲပေးခြင်းကို စိတ်ပါဝင်စားစွာဖြင့် စမ်းသပ်မဲပေးခဲ့ကြသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**



## တနိုင်း

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၂၅ ရက်က ဟူးကောင်းခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်သက်ပိုင်က မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုပုံကို ရှင်းလင်းပြသပြီး မဲဆန္ဒရှင်ပြည်သူ ၅၄ ဦးတို့က မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့်ကိုယ်တိုင်လက်တွေ့စမ်းသပ် မဲပေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျွန်းစု

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ ဆန္ဒမဲပေးခြင်းဆိုင်ရာများ အသိပညာပေးခြင်းကို ဩဂုတ် ၂၅ ရက်က တာရပိုင်းကျေးရွာနှင့် စလွန်အော်ကြီးကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ရွေးကောက်ပွဲအရာရှိ ဒေါ်မို့မို့အေးနှင့် တာဝန်ရှိသူများက MEVM စနစ်ဖြင့် မဲပေးခြင်းဆိုင်ရာနည်းစနစ်များ၊ မဲပေးစက်နှင့် မဲပေးပုံအဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြခဲ့ကြသည်။ **ထက်မြင့်(ကျွန်းစု)**



## ကျောက်ပန်းတောင်း

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးမှု သရုပ်ပြခြင်းများကို ဩဂုတ်၂၅ ရက်က စံပြရပ်ကွက် အောင်ဇဗ္ဗူလမ်းရှိ မဟာဗောဓိဓမ္မာရုံ၌ ပြုလုပ်ရာ ရပ်ကွက်နေပြည်သူများက မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းကို စိတ်ပါဝင်စားစွာ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့စမ်းသပ်ဆောင်ရွက်ကြသည်။ ထို့နောက် Printer မှ ထွက်ရှိလာသည့် စာရင်းဖြင့် ဆန္ဒပြုသူအရေအတွက် တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲလက်မှတ်များစိစစ်၍ မဲရလဒ်ထုတ်ပြန်ခြင်းများကို သရုပ်ပြသဆောင်ရွက်ခဲ့သည်။ **နေအောင်(ပြန်/ဆက်)**



## မိုင်းရှူး

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများအား အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ဩဂုတ် ၂၆ ရက်က အမှတ်(၂)ရပ်ကွက် ပတ္တမြားခန်းမ၌ ဆောင်ရွက်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်နန်းဝိုခမ်းက မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြုပုံကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် တစ်ဦးချင်းအလှည့်ကျ လက်တွေ့စမ်းသပ်မဲပေးခဲ့သည်။

**သန်းလူ(ပြန်/ဆက်)**



## သရက်

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၂၅ ရက်က မြို့လယ်ဓမ္မာရုံ၌ ဆောင်ရွက်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ရွေးကောက်ပွဲအရာရှိ ဦးသန့်ဇင်မင်းက မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် အမှတ်(၃)နှင့် အမှတ်(၄) ရပ်ကွက်နေပြည်သူများက မြန်မာ အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**



## ဗဟန်း

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းလုပ်ငန်းကို ဩဂုတ် ၂၅ ရက်က အရှေ့ရွှေဂုံတိုင်ရပ်ကွက်ရှိ လူထုအခြေပြုဗဟိုဌာန(ဗဟန်း)နှင့် ဗိုလ်ချုပ်အမှတ်(၁) ရပ်ကွက်တို့တွင် ဆောင်ရွက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## ဖျာပုံ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရာတွင် အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ဩဂုတ် ၂၆ ရက်က ကျုံကူကျေးရွာအုပ်စု အကြီးဝကျေးရွာ ပညာဒီပဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ရာ မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲမေးစက်ဖြင့် မဲပေးခြင်းကို စနစ်တကျ စုပေါင်း၍ စမ်းသပ်မဲပေးကြသည်။ ဖျာပုံမြို့နယ်အနေဖြင့် မဲပေးစက်ဖြင့် မဲပေးနိုင်ရေး ပညာရေးဝန်ထမ်းများနှင့် ရပ်ကွက်၊ကျေးရွာစာရေးဝန်ထမ်းများအား မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းသင်တန်း ဖွင့်လှစ်ဆောင်ရွက်ထားပြီးဖြစ်ကာ မဲဆန္ဒရှင်ပြည်သူများအား ရွေးကောက်ပွဲအသိပညာပေးဟောပြောသရုပ်ပြသမှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ဝင်းနိုင်(ပြန်/ဆက်)**



## စေတုတ္တရာ

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့အမှတ်(၂)ရပ်ကွက်၌ ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးနည်း အသိပညာပေးခြင်းကို ဩဂုတ် ၂၇ ရက်က တောင်ခတ္တရာဓမ္မာရုံ၌ ဆောင်ရွက်သည်။

ထို့နောက် အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးနည်း၊ အသုံးပြုပုံ အသုံးပြုနည်းများကို ရှင်းလင်းပြသပေးပြီး တက်ရောက်လာသောပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးနည်းကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့သည်။ စေတုတ္တရာမြို့နယ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးနည်း လက်တွေ့သရုပ်ပြခြင်းကို ကျန်ရှိနေသည့်ရပ်ကွက်ကျေးရွာများ၌ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိထံမှ သိရသည်။ **ဆန်းကိုကို(ပြန်/ဆက်)**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၅-၉-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၁၃၆-၃၀၃၃၁၊ ၀၁၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းမကြီး၊ သံသုမာလမ်းမကြီး၊ အထက်ပုဇွန်တောင်လမ်းမကြီး၊သမိန်ဗရမ်းလမ်းမကြီးများတစ်လျှောက်လမ်းမီး ဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့်လမ်းမီးများတပ်ဆင်ခြင်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၈.၈.၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၂.၉.၂၀၂၅) ရက်နေ့ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် – ၂၄၊ မြေကွက်အမှတ် – ၈၃၇၊ အကျယ် အဝန်း (၄၀ ပေ x ၆၀ ပေ)၊ ဧရိယာ (၀.၀၅၅) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် – ၈၃၇၊ ဟေမဝန်လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသည့် ဦးလင်းထင် (၁၂/ပဇတ(နိုင်) ၀၂၈၄၁၉) နှင့် ဒေါ်သင်းသင်းခိုင်(၁၂/ဒလန(နိုင်) ၁၁၁၉၀၅) တို့ (၂) ဦး အမည်ပေါက်လျက်ရှိသော နှစ် (၆၀) ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေများမှ ၎င်းတို့၏ မိသားစုဝင်များ သဘောတူညီချက်ဖြင့် ညီမဖြစ်သူ ဒေါ်တင်နီလာဝင်း (၁၂/ပဇတ(နိုင်)၁၂၈၃၇၄) သို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကို မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အပြီးအပိုင်ပေးအပ်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော် တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉၄၅၀၀၃၁၂၉၂**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ၁၄၊ ဦးပိုင်အမှတ် ၅၊ ၁၀၃လမ်း၊ မန္တလေး–ပြင်ဦးလွင်ကားလမ်းနှင့် ၅၁လမ်းကြားရှိ တပ်ကြပ်ကြီး သိန်းငွေ အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်ခင်နှင်းကြိုင်က တရားပြိုင် တပ်ကြပ်ကြီးသိန်းငွေအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၈၈/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီ ရရှိသူ ဒေါ်ခင်နှင်းကြိုင် ၉/မရတ(နိုင်) ၀၃၅၇၈၅ က တောဂရန်၊ တရားရုံး အမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ တိုက်အမှတ် (၁၃၆)၊ အခန်းအမှတ် (C) (ဒုတိယထပ်)၊ အကျယ်အဝန်း (၁၇ပေ × ၅၅ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဌေးဌေးလွင် (၁၂/မဂတ (နိုင်) ၀၉၃၂၆၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးကျော်စိုးဦး** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၅၄၁၈၉) |

**၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၇**

---

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၆၆/ကလေးမြို့N)၊ ဦးပိုင်အမှတ်(၇၃၂)၊ ဧရိယာ (၀.၃၄၀)ဧကရှိဝင်းမြေအား ဒေါ်အေးယုဝေ(၉/မကန(နိုင်)၀၇၂၇၅၄)က ၎င်းအမည်ပေါက် မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများစသည့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးယုဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နွယ်နွယ်အေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်–၉၂၁၆/၂၀၁၃**
**အမှတ်(၈/၄၉)၊ အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့။**
**ဖုန်း– ၀၉–၉၆၂၁၅၁၁၂၅၊ ၀၉–၂၅၉၁၆၉၃၄၄**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် မမ–၃၊ ဦးပိုင်အမှတ် ၇၊ ၁၁၅လမ်း၊ ၅၁x၅၂ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၅၃၅/၉၂–၉၃)အရ ဦးမောင်အေး RGN–၀၁၅၁၄၄ အမည်ပေါက်သို့ မြေရာဇဝင် ၁–က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးရဘီး ၉/မကန(နိုင်)၀၈၆၈၈၃မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံ တင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ၁၁–၄၆၊ ဦးပိုင်အမှတ် ၁၅/၅၇x ၅၈လမ်းကြား၊ ၁၂၉x ၁၃၀လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုးလွင် ၉/မနတ(နိုင်)၀၇၂၅၂၄၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၇၅၅/၂၀၂၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသိန်းလွင် ၉/မနတ(နိုင်) ၀၃၀၄၁၂၊WMDY–၃၂၁၃၂၃က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ၁၄၊ ဦးပိုင်အမှတ် ၆၊ ၁၀၃လမ်း၊ မန္တလေး–ပြင်ဦးလွင်ကားလမ်းနှင့် ၅၁လမ်းကြားရှိ တပ်ကြပ်သိန်းအောင် အမည်ပေါက် တောဂရန် မြေကွက်အား တရားလို ဒေါ်ခင်နှင်းကြိုင်က တရားပြိုင် တပ်ကြပ်သိန်းအောင် အပေါ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၉၀/၂၀၂၅)ဖြင့်တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ခင်နှင်းကြိုင် ၉/မရတ(နိုင်) ၀၃၅၇၈၅က တောဂရန် တရားရုံး အမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/22359, Kenbo (125 K3), M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စောဦး ၅/ရဘန(နိုင်) ၁၃၉၃၀၀ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၅၅၄၂၄, Shayon –125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းလွင် ၉/မခန (နိုင်)၁၅၁၀၅၆ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/43554,Zhan Sheng 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းနုခိုင် ၉/အမဇ(နိုင်) ၀၃၃၉၁၀က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

---

## မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၃၈၃၂၆ လက်ဝယ်ရှိသူ ဒေါ်သန်းရှင် ၁၀/မဒန (နိုင်)၁၅၉၂၈၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န ၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/41389, Royal Enfield 350 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူမြင့်ဆွေ ၅/မရန(နိုင်)၁၅၉၄၉၂က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ရှမ်းပြည်နယ်ရုံး**
**(တောင်ကြီး)**

---

## မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၄၉၉၄၁ လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၁၀/မလမ(နိုင်)၁၄၁၀၂၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န ၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

---

## မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဟ/၃၅၉၆ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမြင့် ၁၀/မလမ(နိုင်)၀၇၉၃၂၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န ၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၃၁၇၁၇ ယာဉ်လက်ဝယ်ရှိသူ ဦးစောကြည်သူအောင် ၃/ကကရ(နိုင်)၁၅၇၈၇၄ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၅၆၃၉ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဗိုလ်ဦး ၁၀/မလမ(နိုင်)၁၅၆၁၀၈ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၈၀၃၇၄ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဗိုလ်ဦး ၁၀/မလမ(နိုင်)၁၅၆၁၀၈ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

---

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
မြန်မာ့အလင်းသတင်းစာတွင်
ကြော်ငြာစို့

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၀၇၇၉)၊မြေရေိယာ ၀ ဒသမ ၁၆၈ ဧကရှိ ဦးအောင်ကျော်လွင်(ဘ)ဦးသိန်းအောင် ၁၂/ကတတ(နိုင်)၀၀၀၀၂၅ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးအောင်ကျော်လွင်မှ ဒေါ်ခိုင်ခိုင်ထွန်း (ဘ)ဦးစိန်လွင် ၁၂/ကမတ(နိုင်)၀၆၀၄၉၉ နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရား ရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ သီရိရတနာ အဆင့်မြင့်ဈေး၊ သီရိအနော်ရထာ (၅) လမ်းနေ Leo Brothers Co.,Ltd ၏ လွှဲအပ်ညွှန်ကြားခံရသူ ဒါရိုက်တာဦးဂမ်အောင်[၁၃/နမတ(နိုင်)၀၀၁၄၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ Leo Brothers Co.Ltd သည် ဒေါ်ကြည်ကြည် အမည်ပေါက် ပိုင်ဆိုင်သော နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မစိုးရိမ်အရှေ့ရပ်၊ အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၁၄/ဃ)ဟု အမည်တွင်သည့် ဧရိယာ ၀ ဒသမ ၄၄၉ဧကရှိ ဘိုးဘပိုင်မြေကို အမည်ပေါက်ပိုင်ရှင် ဒေါ်ကြည်ကြည်ထံမှ ကတိစာချုပ်များဖြင့် ဝယ်ယူခဲ့ကြသော ဒေါ်ငွေငွေ [၉/ပမန(နိုင်)၀၂၅၃၀၈]၊ ဒေါ်နုနုအေး [၉/တကန(နိုင်)၀၀၃၈၀၅] နှင့် ဦးဝင်းအောင်ထွန်း [၉/ပမန(နိုင်) ၁၅၉၅၄၈] တို့ထံမှ (၈-၆-၂၀၂၅)ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရရှိခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ်ပြုလုပ်ရန် အတွက် ဒေါ်ကြည်ကြည်၊ ဒေါ်ငွေငွေ၊ ဒေါ်နုနုအေးတို့ ကိုယ်တိုင်သော် လည်းကောင်း၊ ၎င်းတို့အသီးသီး၏ လွှဲအပ်ညွှန်ကြားချက်အရ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်ဖြင့် လွှဲအပ်ခံရသူကိုယ်စားလှယ်များက သော်လည်းကောင်း၊ အကယ်၍ အထက်အမည်ပါသူ ကွယ်လွန်ခဲ့လျှင် ကွယ်လွန်သူတို့၏ အမွေစားအမွေခံများကသော်လည်းကောင်း (၁၅-၉-၂၀၂၅)ရက် နောက်ဆုံးထားပြီး ရောင်းသူဆောင်ရွက်ရန်ရှိသည့် ကိစ္စအသီးသီးကို ဆောင်ရွက် ပေးရန် အသိပေးအကြောင်းကြားအပ်ပါသည်။ အဆိုပါသတ်မှတ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ဆက်သွယ်ခြင်း၊ ဆောင်ရွက်ပေးခြင်းမရှိလျှင် ဤအကြောင်းကြားစာပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လူကြီးမင်းတို့အနေဖြင့် ငြင်းဆိုသည်ဟုမှတ်ယူပြီး ဥပဒေအရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြား ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဟန် (စဉ်-၃၅၀၈/၈၅) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၄/၈၅)၊ စိုက်ပျိုးသိပ္ပံကျောင်းလမ်း၊ မစိုးရိမ်ရှေ့ရပ်၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၉- ၂၁၇၃၆၄၉၊ ၀၉- ၄၂၈၃၀၀၆၃၆**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လမ်း(၅၀)၊ အမှတ်(၁၄၄)၊ (၆)လွှာ(B)နေ ဦးထင်အောင် ၁၂/ပဇတ(နိုင်)၀၃၁၃၅၉၏ လွှဲအပ်ညွှန်ကြား ချက်အရ ကြေညာပါသည်။

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လမ်း(၅၀)၊ အမှတ် (၁၄၄)၊ (၆)လွှာ(B) (17 ½ x 58)ပေအကျယ်ရှိ လူနေတိုက်ခန်းကိုအပိုင် ရောင်းချသူ ဒေါ်ဖူးဖူးအောင်ထံမှ ကျွန်ုပ်မိတ်ဆွေဦးထင်အောင်က ၈-၂-၂၀၂၄ ရက်စွဲပါ နှစ်ဦး သဘောတူ အရောင်းအဝယ်ကတိစာချုပ်အရ အပြီးအပိုင် လက်ရောက်ဝယ်ယူခဲ့ပါ သည်။ ယင်းစာချုပ်၏ အပိုဒ်(၂)တွင် စရန်ငွေကျပ် သိန်း၅,၀၀၀,၀၀၀/- (သိန်းငါးဆယ်ကျပ်တိတိ)ကို ပေးချေကြောင်းနှင့် ၄-၂- ၂၀၂၄ ရက်ထုတ် ကြေးမုံသတင်းစာတွင် ကန့်ကွက်နိုင်ကြောင်း ကြေညာထည့်သွင်းပြီး ဖြစ်သည်ဟု ဖော်ပြပါရှိပါသည်။ ကန့်ကွက်သူမရှိပါသဖြင့် ယင်းစာချုပ်အပိုဒ် (၃)တွင် ၈-၂-၂၀၂၄ရက်တွင် ကျန်ငွေ ၁၀၅,၀၀၀,၀၀၀/- (သိန်းတစ်ထောင့်ငါးဆယ်ကျပ် တိတိ)ကို ပေးချေရာ ရောင်းချသူဒေါ်ဖူးဖူးအောင်မှ လက်ခံရရှိကြောင်း ဤစာချုပ် ဖြင့် ဝန်ခံကတိပြုပါသည်ဟုပါရှိပါသည်။ ထို့အပြင် ယနေ့၌ပင် ရောင်းချသူသည် ရောင်းချသည့်တိုက်ခန်းနှင့် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်း ပေးအပ်ကြောင်း ပါရှိပါသည်။ ယင်းစာချုပ်အပိုဒ်(၅)တွင် အရှုပ်အထွေး တစ်စုံတစ်ရာပေါ်ပေါက်လာပါက ဝယ်သူနစ်နာဆုံး ရှုံးမှုမရှိစေဘဲ၊ ရောင်းသူမှ မိမိစရိတ်ဖြင့် ပြေလည်သည်အထိ တာဝန်ယူဖြေရှင်းပေးပါမည်ဟု ဝန်ခံကတိပြု ကြောင်း ပါရှိပါသည်။ စာချုပ်တွင် တိုက်ခန်းရောင်းသူ၊ တိုက်ခန်းဝယ်သူ၊ မြေရှင် အသိသက်သေနှစ်ဦးတို့အသီးသီး လက်မှတ်ရေးထိုးထားကြပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးထင်အောင်သည် ၈-၂-၂၀၂၄ရက်စွဲပါ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ပြုလုပ်သည့် နှစ်ဖက်သဘောတူကတိစာချုပ်အရ အဆိုပါ တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်စီမံခန့်ခွဲပိုင်ခွင့်အပြည့်အဝရရှိနေသူဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမောင်မောင်သန်း (စဉ် - ၂၈၆၅) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ခင်စောဝင်း (စဉ် - ၇၀၆၀)(စစ်တွေ) တရားလွှတ်တော်ရှေ့နေ**
**တိုက်(၂၇၄)၊ အခန်း(၁၅)၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း - ၀၉-၅၁၈၇၀၃၃၊ ၀၉-၂၅၁၀၂၇၀၆၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/ C ခ၊ မြေကွက်အမှတ် - ၁/၁၅၆ (က) ၊ ဧရိယာ ၀ ဒသမ ၃၀ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက် ၊ တစ်နည်းအားဖြင့်အမှတ်- ၁/၁၅၆/က၊ ကာယ (၆)လမ်း၊ ကာယရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံ ခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးလှရွှေ ၁၂/လမန(နိုင်)၀၂၆၅၈၈ ၏ အမည်ဖြင့် မှတ်သားထားပါသည်။ အထက်ဖော်ပြပါထားသော ရောင်းချသူ သည် တရားဝင်ရောင်းချပိုင် ခွင့်ရှိကြောင်းဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ် တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက် လိုပါက ခိုင်လုံသောသက်သေအထောက်အထား စာချုပ်စာတမ်း၊ စာရွက် စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့် (ခ) ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉၅၁၃၉၃၀၆**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## "ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်"

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၇)ရက်မှ စက်တင်ဘာလ (၁၃)ရက်အထိ ကာလ အတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ (၂၀.၂၁ )ပေခန့်မှ (၂၁.၄၆) ပေခန့်အထိ သာမန်ထက်ထူးကဲဒီရေတက်ဖွယ် ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင်၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ (၂၂)ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့် သည် အခြေခံရေစစ်မျဉ်းအထက် အမြင့်(၂၀)ပေ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီး နေထိုင်ကြသော လုပ်သားပြည်သူများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန်အလို့ငှာ ယခုကဲ့သို့ သတိပေး သတင်း ထုတ်ပြန်ခြင်း ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေး အကြောင်းကြားအပ်ပါသည်။

## စာရွက်စာတမ်းပျောက်ဆုံးကြောင်း
## အများသိရှိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးလှိုင် ၈/မကန(နိုင်)၀၈၄၉၀၈ ဒဟတ်ကန်အုပ်စု၊ ကန်လှကျေးရွာ၊ မကွေးမြို့ နေထိုင်သူ၏ လွှဲအပ်ညွှန်ကြား ချက်အရ ကျွန်ုပ်၏မိတ်ဆွေ ဦးအေးလှိုင်သည် မကွေးမြို့၊ ဒဟတ်ကန် ကျေးရွာအုပ်စု၊ ကန်လှကျေးရွာရှိ ကွင်းအမှတ်(၁၆၄၁-ခ)၊ ကန်လှတောင်ကွင်း၊ ဦးပိုင်အမှတ်(၉၆/၁)၊ ဧရိယာ ၁ ဒသမ ၂၆ဧကရှိယာမြေမှာ ၎င်း၏အမည်ဖြင့် ပုံစံ(၇) ထုတ်ပေးပြီးဖြစ်ပါသည်။ ဦးအေးလှိုင် အမည်ဖြင့် ပုံစံ(၇)မှာ ပျောက်ဆုံးသွားပါသဖြင့် ၎င်းပုံစံ(၇) မူရင်းအားတွေ့ရှိထားပါက ကျွန်ုပ်၏ မိတ်ဆွေထံသို့ လာရောက်ပေးအပ်လျှင် ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။ ဤကြေညာသည့်ရက်မှ ခုနစ်ရက်အထိစောင့်ဆိုင်းပြီး သတ်မှတ်ရက် ကျော်လွန် သွားပါက သက်ဆိုင်ရာဌာနများသို့ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်သီရိမြတ်သူ (စဉ်-၁၄၈၁၆/၂၀၁၈)**
**တရားလွှတ်တော်ရှေ့နေ**
**မြင်သာရပ်ကွက်၊ သစ္စာလမ်းပေါ် အခန်းနံပါတ်(၁)**
**အတွင်းလမ်း၊ မကွေးမြို့**
**ဖုန်း-၀၉-၄၀၁၅၇၄၂၀၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ် ရပ်ကွက်၊ အကွက်အမှတ် (၁၊ မြို့ကွက်သစ်)၊ ဦးပိုင်အမှတ်(၇၆)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေအား မအူပင်ခရိုင်၊ပန်းတနော်မြို့ အနောက်ပိုင်း ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်အေးစန္ဒာကျော်မှ မြေငှားဂရန်အမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက် အတွင်း ပန်းတနော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးစန္ဒာကျော်**
**၁၄/ပတန(နိုင်)၁၈၆၃၄၀**
**ဗိုလ်ချုပ်လမ်း၊ အနောက်ပိုင်းရပ်ကွက်၊ ပန်းတနော်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ် ရပ်ကွက်၊ အကွက်အမှတ် (၂၊ မြို့ကွက်သစ်)၊ ဦးပိုင်အမှတ်(၃၆၁)၊ ဧရိယာ ၀ ဒသမ ၀၉၂ဧကရှိမြေနှင့် ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက် အမှတ် (၂၊ မြို့ကွက်သစ်)၊ ဦးပိုင်အမှတ်(၃၆၂)၊ ဧရိယာ ၀ ဒသမ ၀၉၂ဧကရှိ မြေအား မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ အင်းမကျေးရွာအုပ်စု၊ အင်းမ ကျေးရွာ၊ ရွှေစေတီလမ်းနေ ဦးပြည့်ဖြိုးအောင်မှ မြေငှားဂရန်အမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအထောက် အထားများနှင့်အတူ မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါသည့်ရက်မှ ၁၅ရက် အတွင်း ပန်းတနော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးပြည့်ဖြိုးအောင်**
**၇/အဖန(နိုင်)၀၈၃၁၀၈**
**ရွှေစေတီလမ်း၊ အင်းမကျေးရွာ၊ အင်းမကျေးရွာအုပ်စု၊ ပန်းတနော်မြို့နယ်**

## အမည်မှန်

ဦးမြင့်ဦး၏သမီး ကရင်ပြည်နယ်၊ မြဝတီမြို့၊ အလက(၄) မြဝတီ၊ Grade(5) မှ မစနေ၏ အမည်မှန်မှာ မနွယ်နွယ်အေး ဖြစ်ပါကြောင်း။

**မနွယ်နွယ်အေး**

## အမည်မှန်

(ဘ) ဦးကြည်ထွန်း၏သား ပန်းတနော်မြို့နယ်၊ အထက(ခွဲ)၊ ထိန်ကုလားကုန်း၊ Grade-9 မှ မောင်မင်းဇော်လှ၏ အမည်မှန်မှာ မောင်မင်းဇော်လတ် ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/ 66537 Honda Click 125 M/C ယာဉ် လက်ဝယ်ရှိသူ ဦးဝင်းသူအောင် ၉/တတဥ(နိုင်)၀၉၈၄၀၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

